မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုဗ္ဗဝဂ်(ဓမ္မပဒ-၅၄)

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၇ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၄)၊ အမှတ်(၃၃၈)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စည်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ်သွားရောက်ခဲ့ပြီး နှစ်နိုင်ငံနှင့် နိုင်ငံတကာမှ ခေါင်းဆောင်များအား တွေ့ဆုံ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ပြည်သူလူထုများက သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်

နေပြည်တော် စက်တင်ဘာ ၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping ၏ ဖိတ်ကြားမှုအရ တရုတ်နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation– SCO SUMMIT 2025 Plus) နှင့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ်(၈၀) ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားများသို့ တက်ရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စီချွမ်ပြည်နယ်၊ ချန်ဒူးမြို့ရှိ Chengdu Shuangliu အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ထွက်ခွာရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်မောင်ဆွေ၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဇော်ဇော်နိုင်၊ စီချွမ်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး၊ ချီချင်မြို့မှ

စာမျက်နှာ ၃ ကော်လံ ၁ ○

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နေပြည်တော် တပ်မတော်လေဆိပ်၌ ပြည်သူလူထုများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြစဉ်။

ကမ္ဘာ့အခင်းအကျင်းသစ်မှ မြန်မာ့အခွင့်အလမ်းရယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E.Mr. Xi Jinping၏ ဖိတ်ကြားချက်အရ ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၆ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ် သွားရောက်ခဲ့ရာမှ ပြန်လည်ရောက်ရှိလာခဲ့ဖြင့်ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ၏ အဆိုပါအလုပ်သဘောခရီးစဉ်သတင်းများကို နိုင်ငံပိုင်မီဒီယာများနှင့် ပြည်တွင်းရှိ တရားဝင်သတင်းမီဒီယာများမှ တစ်ဆင့် သတင်းများထုတ်ပြန်ခဲ့ပြီးဖြစ်ရာ အဆိုပါခရီးစဉ်သည် မိမိတို့နိုင်ငံနှင့် ပြည်သူများ၏အကျိုးဖြစ်ထွန်းမှုအတွက် အလားအလာကောင်းများစွာကို ရရှိနိုင်ခဲ့သည်ဟု သိရှိနားလည်ကြပြီးလည်းဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ အလုပ်သဘောခရီးစဉ်အတွင်း တက်ရောက်ခဲ့သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေး (SCO SUMMIT 2025 Plus) နှင့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲအောင်နိုင်ခြင်း နှစ် (၈၀) ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားတို့မှာ လွန်စွာကြီးကျယ်ခမ်းနားသလောက် ထူးခြားလေးနက်သည့် အနက်အဓိပ္ပာယ်များနှင့် ပြည့်ဝနေသော သမိုင်းဝင်အစည်းအဝေး၊ သမိုင်းဝင်အခမ်းအနားများဖြစ်သည်။ တစ်နည်းအားဖြင့် ဗဟုဝဝင်ရိုး ကမ္ဘာ၏ သမိုင်းဝင်မြင်ကွင်းများကို သတင်းများမှတစ်ဆင့် မိမိတို့မြင်တွေ့ခဲ့ကြရခြင်းဖြစ်ပြီး ကမ္ဘာ့ရေးရာများတွင် အင်အားကြီးနိုင်ငံတစ်နိုင်ငံနှင့် နောက်လိုက်တစ်စုတို့က အနိုင်ကျင့် စိုးမိုးခြယ်လှယ်မှုများကို အသစ်ပေါ်ထွန်းလာသည့် အင်အားများက ဖယ်ရှားရန် အိုင်ဒီယာသစ်များ အစားထိုးနေရာယူလာခြင်းကို မျက်ဝါးထင်ထင် တွေ့မြင်ကြရခြင်းလည်းဖြစ်သည်။

တီယန်ကျင်းမြို့တွင် စက်တင်ဘာ ၁ ရက်က ကျင်းပသည့် SCO ထိပ်သီးအစည်းအဝေးသို့ အဖွဲ့ဝင်နိုင်ငံများ၊ ဧလေ့လာသူနိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် အခြားဖိတ်ကြားထားသည့် နိုင်ငံ ၂၄ နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်များ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ခေါင်းဆောင်များတက်ရောက်ခဲ့ကြသည်။ အဆိုပါထိပ်သီးအစည်းအဝေးတွင် တရုတ်သမ္မတကြီး H.E.Mr. Xi Jinping က Global Governance Initiative နှင့် ပတ်သက်ပြီး အချက်(၅) ချက်ကို တင်သွင်းခဲ့ရာ နိုင်ငံအများစုက ထောက်ခံခဲ့ကြသည်။ အနှစ်ချုပ်အားဖြင့် မျက်မှောက်ကာလ ဧကပင်ရိုးကမ္ဘာ အခင်းအကျင်းမှ ဗဟုဝင်ရိုးကမ္ဘာ အခင်းအကျင်းသို့ အပြောင်းအလဲတွင် ကမ္ဘာ့ရေးရာများ၌ နိုင်ငံအများစုပါဝင်ထိန်းချုပ်ရန် နိုင်ငံအများစုပါဝင်၍ ကမ္ဘာ့ရေးရာများကို ဆောင်ရွက်ရန်၊ တရားမျှတမှုရှိရန်နှင့် နိုင်ငံများ၏ အချုပ်အခြာအာဏာကို လေးစားရန်တို့ဖြစ်သည်။ ယင်းသို့သောအချက်များက ဧကဝင်ရိုးကမ္ဘာ အခင်းအကျင်းတွင် ဖိအားပေးမှု၊ စွက်ဖက်မှုများစွာနှင့် ရင်ဆိုင်ခဲ့ရသည့် မိမိတို့နိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအဖို့ အားသာချက်များကို ဖြစ်ပေါ်စေပြီး တရားမျှတမှုကို ပြန်လည်ရရှိစေသည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့တွင် အဖွဲ့ဝင်နိုင်ငံဖြစ်ရန်အတွက် မြန်မာနိုင်ငံက တရားဝင်အဆိုပြုထားရာ အောင်မြင်မည့် အလားအလာများရှိနေသည်။ နိုင်ငံတော်အကြီးအကဲသည် အလုပ်သဘောခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်၊ လာအိုနိုင်ငံသမ္မတတို့နှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ရာတွင် နိုင်ငံရေးအရလည်းကောင်း၊ နိုင်ငံတကာရေးအရ လည်းကောင်း၊ အသိအမှတ်ပြုမှုများ၊ မိမိတို့နိုင်ငံတွင် ကျင်းပမည့် ရွေးကောက်ပွဲအပေါ် အသိအမှတ်ပြု ထောက်ခံအားပေးမှုများကို ရရှိခဲ့သည်။ ထို့အပြင် SCO အစည်းအဝေးတက်ရောက်ရာတွင် မလေးရှားဝန်ကြီးချုပ်အပါအဝင် အခြားခေါင်းဆောင်များနှင့်လည်း အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်ခဲ့ရာ နိုင်ငံအတွက် အကျိုးများစွာဖြစ်ထွန်းစေခဲ့သည်။

ဗဟုဝင်ရိုးကမ္ဘာ အခင်းအကျင်းသည် မိမိတို့နိုင်ငံအတွက် အခွင့်အလမ်းသစ်များနှင့်အတူ ပေါ်ထွက်လာသည့် အခြေအနေဖြစ်ပြီး မိမိတို့အနေဖြင့် ထိုအခွင့်အလမ်းများကို ဆုပ်ကိုင်ရယူနိုင်ဖို့ အရေးကြီးသည်။ မိမိတို့နိုင်ငံကို မိမိတို့အင်အားဖြင့်သာ အဓိကတည်ဆောက်ကြရခြင်းဖြစ်ပြီး ပြင်ပမှလာသည့် အခွင့်အလမ်းများနှင့် အထောက်အကူများဖြင့် အရှိန်အဟုန်မြင့်မားအောင် မြှင့်တင်ကြရခြင်းဖြစ်သည်။ နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးတို့ကို နိုင်ငံသူ နိုင်ငံသား၊ တိုင်းရင်းသားပြည်သူလူထုထုတစ်ရပ်လုံး၏ စုပေါင်းအင်အားဖြင့် တည်ဆောက်ကာ ဗဟုဝင်ရိုးကမ္ဘာအခင်းအကျင်းတွင် ဂုဏ်သိက္ခာမြင့်မားထည်ဝါစွာ ရပ်တည်ကြရပါမည့်အကြောင်း။ ။

၆ - ၉ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၉၆၀၀၀၀ ကျပ် ဖြစ်သည်။

(ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ)

မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် စက်တင်ဘာ ၆

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့် ရှိနေသည်။

မိုး/ဇလ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇ - ၉ - ၂၀၂၅ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွှင်ကော်	ဟားခါး
92 Ron	၂၉၄၅	၃၀၅၅	၃၀၂၅	၂၉၆၀	၃၀၆၅	၃၀၀၀	၃၀၉၅	၃၀၁၅	၄၅၅၅	၃၃၀၀	၃၀၃၀	၃၀၃၅	၃၀၀၅	၃၀၅၀	၃၀၉၀	၃၃၄၅
95 Ron	၃၀၀၀	၃၀၂၀	၃၀၉၀	၃၀၂၅	၃၀၃၀	၃၀၄၅	၃၁၆၀	၃၀၀၀	၄၅၆၀	၃၃၇၅	၃၀၉၅	၃၁၀၀	၃၀၁၀	၃၀၃၅	၃၀၅၅	၃၄၁၀
HSD (500 ppm)	၂၄၆၀	၂၆၇၅	၂၆၄၀	၂၅၇၅	၂၆၀၀	၂၆၉၅	၂၇၁၀	၂၆၃၀	-	၂၆၂၅	၂၆၅၀	၂၆၇၀	၂၇၀၅	၂၆၅၅	၂၇၀၅	၂၆၆၅
HSD (50 ppm)	၃၀၅၀	၃၂၈၀	၃၂၅၀	၃၀၈၅	၃၂၆၀	၃၃၀၅	၃၃၂၀	၃၂၄၀	၄၈၃၀	၃၅၃၅	၃၂၅၅	၃၂၆၀	၃၃၃၀	၃၂၆၅	၃၃၃၅	၃၅၅၀
HSD (10 ppm)	၃၀၅၀	၃၂၈၀	၃၂၅၀	၃၀၈၅	၃၂၆၀	၃၃၀၅	၃၃၂၀	၃၂၄၀	-	၃၅၃၅	၃၂၅၅	၃၂၆၀	၃၃၃၀	၃၂၆၅	၃၃၃၅	၃၅၅၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၇၇၆	၂၈၆၅
95 Ron	၂၈၃၉	၂၉၂၉
HSD (500 ppm)	၂၄၀၄	၂၄၈၅
HSD (50 ppm)	၃၃၆၄	၃၀၈၃
HSD (10 ppm)	၃၃၆၄	၃၀၈၃

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၂၂၉၃၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ဂန့်ဂေါမြို့၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

ဂန့်ဂေါ စက်တင်ဘာ ၆

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့၌ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ယနေ့နံနက် ၆ နာရီက ခုတင်(၁၀၀)ဆံ့ ခရိုင်ပြည်သူ့ဆေးရုံကြီး၌ ပြုလုပ်သည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်ခြင်းကို ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများနှင့် တပ်ဖွဲ့မိသားစုဝင်များ စုစုပေါင်း ၁၀၄ ဦးဖြင့် ခုတင်(၁၀၀)ဆံ့ ခရိုင်ပြည်သူ့ဆေးရုံဝင်းအတွင်း/အပြင်တို့တွင် ပေါင်းပင်၊ မြက်ပင်နှင့် အမှိုက်များကို ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများအတွင်းရှိအမှိုက်သရိုက်များ ရှင်းလင်းဖယ်ရှားခြင်းနှင့် ချိုန္ဒယ်များ၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများကို စုပေါင်း၍ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဆွေဦး၊ ဒုတိယခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်သန်း၊ ခရိုင်လုံခြုံရေး အကူတပ်ခွဲမှူး ရဲမှူးတင်ကိုကို၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်ဝင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မောင်မျိုးမင်း

မြန်မာ့အလင်း

စာတည်းမှူးချုပ်	- ဟန်လင်းအောင်	သတင်းထောက်မှူး	- ခင်ရတနာ
စာတည်းမှူး	- မြင့်စိုး	အကြီးတန်း	- ကျော်သူဝင်း၊ တင်မောင်လွင်၊
စာတည်းများ	- ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း	သတင်းထောက်များ	ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဘာသာပြန်စာတည်း	- ခြူးစန္ဒီနွေး၊ တင်လင်းအောင်	အယ်ဒီတန်း	- ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
သုတေသန	- အိအိခင့်နှင့် အဖွဲ့	သတင်းထောက်များ	
စာပြင်	- ဇော်မင်းသန်းနှင့် အဖွဲ့	ဓာတ်ပုံသတင်းထောက်	- တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- မိုမိုအေးနှင့် နွဲ့မွန်တို့အဖွဲ့	အီးမေးနှင့် အွန်လိုင်း	- သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၃၊ ဖက်စ် ၀၆၇-၃၆၁၄၃၁၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ ဈေး ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၃၊ ၀၁- ၅၅၅၃၁၁၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၅၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE
www.mdn.gov.mm

ရွှေကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

ရွှေကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွှေကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွှေကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

○*ရှေ့ဖိုးမှ*

မြန်မာ ကောင်စစ်ဝန်ချုပ်ရုံး၊ ကောင်စစ်ဝန်ချုပ်ဦးကျော်ဇေယျာလင်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များ အဖြစ် လိုက်ပါသွားကြသည့် ကော်မရှင်အတွင်းရေးမှူး တွဲဖက် အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဝါဝါမောင်၊ ဦးမင်းနောင်၊ ဦးချစ်ဆွေ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော်သို့ပြန်လည်ရောက်ရှိကြရာ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဌေး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသား တရုတ်နွယ်ဖွားပြည်သူများ၊ တရုတ်ရိုးရာနဂါးနှင့် ခြသေ့အကအဖွဲ့၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် အကအဖွဲ့များ၊ ဘာသာပေါင်းစုံ အသင်းအဖွဲ့များ၊ အနုပညာရှင်များနှင့် ဒေသခံ ပြည်သူများက တပ်မတော် လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့ပြင် "တရုတ် - မြန်မာ ချစ်ကြည်ရေး အခွန်ရှည်ပါစေ"၊ "အမျိုး၊ဘာသာ၊သာသနာအတွက် ကြိုးပမ်း ဆောင်ရွက်နေသည့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျန်းမာပါစေ" ၊ "ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျန်းမာပါစေ"၊ "တရုတ် - မြန်မာ ချစ်ကြည်ရေးခိုင်မြဲပါစေ"၊ "တရုတ်-မြန်မာ ချစ်ကြည်ရေး အခွန်ရှည်ပါစေ" စသည့်ကြွေးကြော်သံများကို ကြွေးကြော်၍ လည်းကောင်း၊ "မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ဘက်စုံ မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍာအလိုက် အောင်မြင်ပါစေ"၊ "နိုင်ငံ့အရေးအတွက် ဆောင်ရွက်ခဲ့သော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား

စာမျက်နှာ ၄ သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဌေးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများနှင့် အနုပညာရှင်များ၊ တရုတ်ရိုးရာနဂါးနှင့် ခြသေ့အကအဖွဲ့တို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။

စာမျက်နှာ ၃ မှ

လှိုက်လှဲစွာ ကြိုဆိုပါ၏"၊ "မြန်မာ–တရုတ် အေးအတူ ပူအမျှဖြင့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်မှု အောင်မြင်ပါစေ"စသည့်ဆိုင်းဘုတ်များ ကိုင်ဆောင်၍လည်းကောင်း၊ တရုတ်–မြန်မာ နှစ်နိုင်ငံအလံငယ်များ ဝှေ့ယမ်း၍လည်းကောင်း သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြု နှုတ်ဆက်ခဲ့ကြသည်။

မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာလာစဉ် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာကြသည့် မီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ပြီး မေးမြန်းဖြေကြားမှု အပြည့်အစုံမှာ–

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခရီးစဉ်တွင် လိုက်ပါလာကြသည့် မီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားစဉ်။

ကျွန်တော်ပြီးခဲ့တဲ့ သြဂုတ်လ ၃၀ ရက်နေ့ကနေ စပြီးတော့ တရုတ်နိုင်ငံ တီယန်ကျင်းမြို့မှာ ပြုလုပ်တဲ့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထိပ်သီးအပေါင်းအစည်းအဝေးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ရီကျင့်ဖျင်ရဲ့ ဖိတ်ကြားချက်အရ တက်ခဲ့ပါတယ်။ ဒီမှာလည်း အစည်းအဝေးအဖွဲ့ဝင်နိုင်ငံတွေ၊ လေ့လာသူနိုင်ငံ၊ ဆွေးနွေးဖက်နိုင်ငံတွေ တက်ကြပါတယ်။ တော်တော်များများ ခေါင်းဆောင်တွေနဲ့ Bilateral တွေ့ဆုံနိုင်ခဲ့တာ ရှိသလိုတွေ့ဆုံဆွေးနွေးပြောကြားမှုတွေလည်း ရှိပါတယ်။ အလားတူစွာပဲ စက်တင်ဘာလ ၃ ရက်နေ့မှာ ပြုလုပ်တဲ့ တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အခမ်းအနားကိုလည်း တက်ရောက်ခဲ့ပါတယ်။ တော်တော်ကို အောင်မြင်တဲ့၊ ကောင်းမွန်တဲ့ အခမ်းအနားတွေလည်း ဖြစ်ပါတယ်။ အထူးသဖြင့် ကမ္ဘာမှာ ရင်ဆိုင်ကြုံတွေ့နေရတဲ့ ပြဿနာတွေ၊ အခြေအနေအရပ်ရပ်ကို ဒီမှာ ပွင့်ပွင့်လင်းလင်းပဲ ဆွေးနွေးခဲ့တာ ရှိတယ်။ ကျွန်တော် နိုင်ငံခေါင်းဆောင်တွေနဲ့ တွေ့ဆုံတဲ့ အချိန်မှာလည်း နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်တွေနဲ့ မြန်မာနိုင်ငံမှာ လာမယ့် ဒီဇင်ဘာလမှာ ပြုလုပ်မယ့် ရွေးကောက်ပွဲ အခြေအနေကို ကျွန်တော်ရှင်းပြပါတယ်။ တွေ့ဆုံဆွေးနွေးခဲ့တဲ့ နိုင်ငံခေါင်းဆောင်တွေရော၊ တွေ့ဆုံပြောဆိုနိုင်ခဲ့တဲ့ ခေါင်းဆောင်တွေရောက မြန်မာနိုင်ငံကို ကမ္ဘာမှာ အပြည့်အဝ နားလည်ပြီးတော့မှ အားလုံး ရပ်တည်ထောက်ခံမှု ပြုခဲ့ကြတယ်။ စောစောကပြောတဲ့ ဒီဇင်ဘာလမှာ ပြုလုပ်မယ့် ရွေးကောက်ပွဲလည်း အားလုံး ထောက်ခံတယ်။ သူတို့လည်း ဒီဟာနဲ့ ပတ်သက်ပြီးတော့ အောင်မြင်အောင် သူတို့ဆန္ဒပြုတဲ့ အကြောင်းတွေလည်း သူတို့ ပြောပါတယ်။ ကျွန်တော် ပြီးခဲ့တဲ့ ရက်က တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းမှာရှိတဲ့ ဟာပင်းမြို့ကို သွားခဲ့ပါတယ်။ အဲ့မှာလည်း စိုက်ပျိုးရေးလုပ်ငန်း၊ အီလက်ထရောနစ်၊ အင်ဂျင်နီယာလုပ်ငန်း ဒါတွေ ကြည့်ခဲ့တာပေါ့လေ။ ထို့အတူပဲ နောက်ဆုံးခရီးစဉ်အဖြစ် စီချမ်ပြည်နယ် ချန်ဒူးကို ရောက်ပါတယ်။ စီချမ်ပြည်နယ်မှာလည်း ငလျင်ဒဏ်နဲ့ပတ်သက်ပြီး ကြံတွေ့ခံစားပြီးတော့မှ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေကို တကယ့်ကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခဲ့တဲ့ ပြည်နယ် တစ်ခုဖြစ်တော့ သူတို့ရဲ့ အတွေ့အကြုံကို မျှဝေကြည့်ရှုခဲ့တာ ရှိတယ်။ နောက်စိုက်ပျိုးရေး လုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ မေးမြန်းဆွေးနွေးနိုင်ခဲ့တာ ရှိပါတယ်။ အင်မတန်အားရဖို့လည်း ကောင်းပါတယ်။ အလားတူပဲ တီယန်ကျင်းရော၊ ချန်ဒူးမှာရော တရုတ်နိုင်ငံရဲ့ စီးပွားရေးကိုယ်စားလှယ်အဖွဲ့တွေ ကုမ္ဗဏီတွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ခဲ့ပြီးတော့ ကျွန်တော်နဲ့ပါလာတဲ့ ဝန်ကြီးတွေကလည်း သူတို့ရဲ့ မေးမြန်းချက်တွေလည်း ဖြေကြားပေးတာတို့ ကျွန်တော်ကိုယ်တိုင်လည်း သူတို့ရဲ့ သိလိုတဲ့အချက်အလက်တွေပေါ့ သူတို့ မေးတဲ့ အပြင်ကို ကျွန်တော်ကလည်း သိသင့်တဲ့ အချက်အလက်တွေကို လည်း ဖြေပေးနိုင်ခဲ့ပါတယ်။ နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနဲ့ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်တွေ ကတော့ တော်တော်ကို တိုးတက်အောင်ဆောင်ရွက်ပေးနိုင်ခဲ့တယ် လို့ ပြောချင်တယ်။ နောက်တစ်ခုကလည်း တရုတ်နိုင်ငံကတော့ အလုံးစုံ AI ကို အတော်လေး ဦးစားပေးလာတာ တွေ့ပါတယ်။ Green Zone၊ Green Revolution လို့ပြောမလား အစိမ်းရောင်နဲ့ ပတ်သက်တဲ့ဟာကိုတော့ သူတို့ တော်တော်ဦးစားပေးတာကို တွေ့တယ်။ ကျွန်တော်တို့ တော်တော် အတုယူဖို့ ကောင်းပါတယ်။ ကျွန်တော်တို့လည်း မြန်မာနိုင်ငံမှာလည်း "နိုင်ငံတော်သာယာဖို့ ပတ်ဝန်းကျင်ကို ထိန်းသိမ်းစို့" ဆိုတဲ့ ဆောင်ပုဒ်နဲ့ လုပ်နေတာရှိပါတယ်။ ကျွန်တော့်ရဲ့ မူဝါဒပါပဲ။ ကျွန်တော်တို့က ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နဲ့ နိုင်ငံတော်ကို လှပ်ရှားရမှာ ဖြစ်ပါတယ်။ အလားတူစွာပဲ အစည်းအဝေးပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ဖို့ လိုတယ်ဆိုတဲ့ အခါကျတော့ ကျွန်တော်တို့လည်း ကုန်ထုတ်လုပ်မှုတွေ လုပ်မှရမယ်။ သူတို့ဆီကနေ ကုန်ပစ္စည်းတွေ သွင်းရုံနဲ့မရဘူး။ ကျွန်တော်တို့ ပစ္စည်းတွေလည်း ပို့ဖို့လည်းလိုတယ်။ ကုန်ထုတ်လုပ်မှုတွေ ကျွန်တော်တို့ လုပ်ရမယ်။ ဒါကြောင့် "နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့" ဆိုတဲ့ ဆောင်ပုဒ်လေး ကျွန်တော်နဲ့ ဆောင်ရွက်နေတာ ရှိပါတယ်။ တိုင်းပြည်အတွက် အလုပ်လုပ်ဖို့ လိုတယ်။ အလုပ်မလုပ်ဘဲနဲ့တော့ မရဘူး။ နောက်တစ်ခါ နည်းပညာလည်း တော်တော်မြင့်မားတာ တွေ့ပါတယ်။ ကျွန်တော်ရောက်ခဲ့တဲ့ ခရီးစဉ် အကြိမ်ကြိမ်ရှိပါပြီ။ တရုတ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေက အုံ့မခန်းဖွယ်ရာဖြစ်အောင် ရှိပါတယ်။ တကယ်ကို တကယ်လက်တွေ့ကျကျ သုံးသပ်ကြည့်မယ်ဆိုရင် ဒီအတိုင်းပဲ တွေ့ပါတယ်။ ကျွန်တော်တို့က သူတို့ကို အမီလိုက်နိုင်ဖို့ တော်တော်ကို

စာမျက်နှာ ၅ သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် တပ်မတော်လေဆိပ်၌ ပြည်သူလူထုများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ China Southwest Architectural Design and Research Institute Corporation(CSWADI) သို့ သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် စက်တင်ဘာ ၆ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စီချွမ်ပြည်နယ်၊ ချန်ဒူးမြို့၌ အလုပ်သဘော ခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် အဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် China Southwest Architectural Design and Research Institute Corporation(CSWADI) သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် China Southwest Architectural Design and Research Institute Corporation (CSWADI) သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် China Southwest Architectural Design and Research Institute Corporation(CSWADI) အတွင်း ပြသထားသည့် ကော်ပိုရေးရှင်းမှ ဆောက်လုပ်ထားသော စွမ်းအင်ချွေတာနိုင်သည့် ဆောက်လုပ်ရေးစီမံကိန်းများ၊ အထပ်မြင့် အဆောက်အအုံများ၊ တံတားများ၊ ဟိုတယ်များ၊ အားကစားရုံများ၊ ဆေးရုံများနှင့် နိုင်ငံတကာ၌ အဆောက်အအုံများ ဆောက်လုပ်နေမှုအခြေအနေများ၊ ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများ ဆောက်လုပ်နိုင်ရေးအတွက် ငလျင်ဒဏ်သင့်ခဲ့သည့် အဆောက်အအုံများအား သုတေသနပြုလုပ်ဒီဇိုင်းအသစ်များ ရေးဆွဲဆောက်လုပ်မှု အခြေအနေများ၊ ငလျင်ဒဏ်ကို ကြိုတင်ကာကွယ်ရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများ၊ မြန်မာနိုင်ငံတွင် လာရောက်၍ အဆောက်အအုံများ ဆောက်လုပ်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းပြသရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက သိရှိလိုသည်များ ပြန်လည်မေးမြန်း ဆွေးနွေးသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ချန်ဒူးမြို့ China Southwest Architectural Design and Research Institute Corporation(CSWADI) အတွင်း ပြသထားသည်များကို ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက ရှင်းလင်းပြသစဉ်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက China Southwest Architectural Design and Research Institute Corporation(CSWADI) ၏ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးပြီး ကော်ပိုရေးရှင်းမှ တာဝန်ရှိသူနှင့် လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် China Southwest Architectural Design and Research Institute Corporation(CSWADI) အတွင်း ပြသထားသည်များကို ကြည့်ရှုလေ့လာစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကော်ပိုရေးရှင်းမှ တာဝန်ရှိသူတို့ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်စဉ်။

စာမျက်နှာ ၄ မှ

လိုပါတယ်။ တိုးတက်ဖို့ဆိုရင် လည်း အတတ်ပညာ၊ အသိပညာတွေ တော်တော်လိုပါတယ်။ အတတ်ပညာ၊ အသိပညာရဖို့ အတွက်ဆိုရင် ပညာရေးကလည်း အခြေခံတွေ ကောင်းမှရမယ်။

ဒါကြောင့် အခြေခံဖြစ်တဲ့ ပညာရေးကောင်းအောင် လည်း ကြိုးစားဖို့လိုပါတယ်။ ပညာတတ်တွေ ပေါကြွယ်ဝပြီဆိုမှ အတတ်ပညာတွေ ပိုကောင်းလာပြီးတော့ သူတို့နဲ့ယှဉ်ပြီး လုပ်နိုင်မယ်။ သူတို့ ကျွန်တော့်ကိုမေးတဲ့ မေးခွန်းတစ်ခုရှိတယ်။ သူတို့ တကယ်လို့ မြန်မာနိုင်ငံမှာ လာရောက်အလုပ်လုပ်ပြီဆိုရင် မြန်မာနိုင်ငံက လူသားအရင်းအမြစ်တွေကို ရနိုင်မလားဆိုတဲ့ဟာတွေ၊ သတ်မှတ်ထားတဲ့အတိုင်း တာဝန်ပေးရမှာလားဆိုတဲ့ မေးခွန်းတွေ မေးလာတယ်။ ကျွန်တော်တို့ ဥပဒေကလုပ်ကိုလုပ်ရမယ်။ ဒီလို လုပ်နိုင်ဖို့ဆိုရင်လည်း သူတို့နဲ့ လက်တွဲပြီး တော့မှ ယှဉ်တွဲပြီး လုပ်နိုင်မယ့် လူသားအရင်းအမြစ်တွေလိုတယ်။ အဲဒီ လူသားအရင်းအမြစ်တွေ မလုပ်နိုင်ဘဲနဲ့ ကျွန်တော်တို့ ဘယ်လို လက်တွဲလုပ်လို့ရမလဲ။ ဒါကြောင့် ကျွန်တော်တို့ တိုင်းပြည်ကို ကျွန်တော်ပြောချင်တာကတော့ ကျွန်တော်တို့ ကြိုးစားအားထုတ်ဖို့လိုတယ်ဆိုတာ ပြောချင်ပါတယ်။ ဒီလို လုပ်နိုင်ဖို့ဆိုရင် တိုင်းပြည် တည်ငြိမ်အေးချမ်းဖို့ လိုတယ်။ တိုင်းပြည် တည်ငြိမ်အေးချမ်းဖို့ အတွက်ဆိုရင် တကယ်ကို အသိရှိရှိနဲ့ လုပ်မှရမှာ။ ကျွန်တော်တို့ ရပ်တည်ချက်လည်း ဘယ်လိုမှ မပြောင်းလဲပါဘူး။ ကျွန်တော် ရအောင် လုပ်သွားမှာ ဖြစ်ပါတယ်။

လာမယ့် ဒီဇင်ဘာရွေးကောက်ပွဲပြီးလို့ရှိရင် နောက်ထပ်ဖြစ်ပေါ်လာမယ့် ပြည်သူက ရွေးချယ်တဲ့ လမ်းကြောင်းအတိုင်းပဲ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ရှေ့ပါတီစုံ ဒီမိုကရေစီစနစ်ကို ဆက်သွားမှာ ဖြစ်ပါတယ်။ အဲဒီမှာမှ ကျွန်တော်တို့က ဒါကိုပဲ အခြင်းပွားပြီးတော့မှ လုပ်နေမယ်ဆိုရင် ကဏ္ဍကောစ လုပ်နေမယ်ဆိုရင်တော့ တိုးတက်မှု အသီးအပွင့်တွေဟာ အပြည့်အဝ ခံစားရမှာတော့ မဟုတ်ဘူး။ ဒါကြောင့် တည်ငြိမ်အေးချမ်းဖို့ အတွက်လည်း လိုပါတယ်။ တည်ငြိမ်အေးချမ်းဖို့ဆိုရင် နိုင်ငံရေးအသိရှိရှိနဲ့ လုပ်ဖို့လည်းလိုပါမယ်။ နံပါတ်တစ်အချက် တည်ငြိမ်အေးချမ်းအောင် ကြိုးစားရမယ်။ အတန်းပညာရှိအောင် ကြိုးစားရမယ်။ ပြီးလို့ရှိရင် ပညာရေးနဲ့ ပတ်သက်ပြီး ရအောင်မြှင့်တင်ပေးရမယ်။ ကျွန်တော်တို့ အလုပ်လုပ်ဖို့ လိုတယ်။ ဒါတွေ လုပ်နိုင်မှသာ ကျွန်တော်တို့ အခုသွားတဲ့ ဒီခရီးစဉ်အတွင်းမှာ ရရှိခဲ့တဲ့ ရလဒ်တွေကို ကျွန်တော်တို့က ပြည့်ပြည့်ဝဝ အကောင်အထည်ဖော်နိုင်မယ်လို့ ကျွန်တော်ပြောချင်ပါတယ်ဗျ။

သတင်းစဉ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဒုတိယအကြိမ် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး ဒုတိယအကြိမ်တွေ့ဆုံပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား

မြန်မာနိုင်ငံတွင် လုပ်ငန်းလည်ပတ်လုပ်ဆောင်ရာ၌ လွယ်ကူချောမွေ့စေရန် ယွမ်-ကျပ် တိုက်ရိုက်ငွေပေးချေမှုစနစ် အကောင်အထည်ဖော်လျက်ရှိပြီး နယ်စပ်ကုန်သွယ်ရေးဂိတ်များမှတစ်ဆင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို ပိုမိုတိုးမြင့်သွားလို

နေပြည်တော် စက်တင်ဘာ ၆

မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဒုတိယအကြိမ် တွေ့ဆုံပွဲကို ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချန်မြေပြန့်ရှိ Shangri La ဟိုတယ်၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာကြသည့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့်ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် ယူနန်ပြည်နယ်၊ စီချမ်ပြည်နယ်၊ ချုံချင့်မြို့နီစီပယ်မြို့နှင့် ဟူနန်ပြည်နယ်တို့မှ တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေးပညာရှင်များ ၁၂၀ ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သိသာစွာတိုးတက်လာ

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် မိုင်ပေါင်း ၁၃၀၀ ကျော် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည့်အတွက် နှစ်နိုင်ငံအကြား စီးပွားရေး၊ လူမှုရေး၊ နယ်စပ်ကုန်သွယ်ရေး၊ အခြေခံအဆောက်အအုံများတည်ဆောက်ရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးတို့သည် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေကြောင်း၊ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးသည် ၁၉၅၀ ပြည့်နှစ်မှစတင်၍ ထူထောင်ခဲ့ပြီး နောက်ပိုင်း နှစ်နိုင်ငံဆက်ဆံရေးတွင် မဟာဗျူဟာမိတ်ဖက်၊ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးရှိသည်အထိ အိမ်နီးချင်းနိုင်ငံကောင်းများ ဖြစ်လာကြကြောင်း၊ အထူးသဖြင့် နှစ်နိုင်ငံအကြား စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများဖြစ်သည့် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုများ၊ အခြားသောနယ်ပယ်ပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများတွင် ပိုမိုကျယ်ပြန့်လာခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ဘက်စုံလွှမ်းခြုံသော မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (Myanmar-China Comprehensive Strategic Cooperative Partnership) ကို နှစ်နိုင်ငံအကြား စတင်နိုင်ခဲ့ပြီး စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု အလားအလာကောင်းများဖြင့် နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏတို့သည် သိသာထင်ရှားစွာ တိုးတက်လာခဲ့ကြောင်း။

> ❒ **တရုတ် - မြန်မာ အဓိကကုန်သွယ်ရေး လမ်းကြောင်းသည် တရုတ်နိုင်ငံ၊ အရှေ့တောင်ပိုင်းဒေသ၊ အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများမှ မြန်မာနိုင်ငံကို ပေါင်းကူးတံတား (Landbridge) အနေဖြင့် အသုံးပြုပြီး အာဆီယံနိုင်ငံများသို့လည်း စီးပွားရေးဆိုင်ရာ ကုန်သွယ်ချိတ်ဆက်မှုများ လုပ်ဆောင်လာနိုင်မည် ဖြစ်သည့်အတွက် နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို အလေးထားဆောင်ရွက်သွားရမည်**

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအများဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံပေါင်း ၅၃ နိုင်ငံအနက် အဆင့် ၂ နေရာတွင်ရှိကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား ကုန်သွယ်မှုတန်ဖိုးမှာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စုစုပေါင်းအမေရိကန် ဒေါ်လာ သန်း ၈၀၀၀ ကျော်၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စုစုပေါင်းအမေရိကန်ဒေါ်လာ သန်း ၇၇၀၀ ကျော်နှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၊ ဧပြီလင်းသဆိတ် စုစုပေါင်းအမေရိကန်ဒေါ်လာ သန်း ၃၀၀၀ ကျော်ရှိသည့်အတွက် နှစ်နိုင်ငံအကြား ကုန်သွယ်မှုခိုင်မာအားကောင်းနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ဆန်၊ ပဲမျိုးစုံနှင့် နှမ်းစသည့် စိုက်ပျိုးရေးထွက်ကုန်များ၊ ကျွန်း၊ သစ်မာကုန်ကြမ်းများနှင့် သစ်အခြေခံအချောထည်ထုတ်ကုန်များကို အဓိကတင်ပို့လျက်ရှိကြောင်း၊ ထို့အပြင် မိမိတို့အနေဖြင့် တန်ဖိုးမြင့် သစ်အခြေခံထုတ်ကုန်များအဖြစ် ထုတ်လုပ်ပြီး ပြည်တွင်း ပြည်ပ ဈေးကွက်များကို ဖြန့်ဖြူးတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အတွက် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို ယခုထက် ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း။

ပိုင်းဝန်းပူးပေါင်းဆောင်ရွက်

မိမိတို့နှစ်နိုင်ငံသည် နယ်နိမိတ်ချင်းထိစပ်နေသည့်အတွက် ကုန်သွယ်မှုပြုလုပ်ရာတွင် နယ်စပ်ဂိတ်များသည် အရေးပါသောကဏ္ဍက ပါဝင်နေကြောင်း၊ နှစ်နိုင်ငံအကြား နယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်အရ မြန်မာ-တရုတ် နယ်စပ်တစ်လျှောက်တွင် စုစုပေါင်းနယ်စပ်ဂိတ် ၈ ခု ရှိပါကြောင်း၊ လက်ရှိအချိန်တွင် နယ်မြေလုံခြုံရေးအခြေအနေအရ အဆိုပါ နယ်စပ်ဂိတ် ၈ ခုအနက် မူဆယ်-ရွှေလီ နယ်စပ်ဂိတ် တစ်ခုသာ ဖွင့်လှစ်ထားရှိနိုင်ပြီး ကျန်နယ်စပ် ကုန်သွယ်ရေးဂိတ်များအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အကြမ်းဖက်တိုက်ခိုက်မှု လုပ်ရပ်များကြောင့် ရပ်တန့်ထားရကြောင်း၊ မိမိတို့နှစ်နိုင်ငံ ကုန်သွယ်မှုကို ထိခိုက်စေခဲ့ကြောင်း၊ နယ်စပ်ဒေသ ကုန်သွယ်ရေးသည် နှစ်နိုင်ငံပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရေးကို တိုက်ရိုက်အထောက်အကူပြုနေသောကြောင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းပြီး ကုန်သွယ်ရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်အောင် တတ်နိုင်သရွေ့ ပိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်သည်ကို ပြောကြားလိုကြောင်း။

ယခုအခါ မြန်မာ-တရုတ် နယ်စပ်ဒေသ မတည်ငြိမ်မှုများကြောင့် ယူနန်ပြည်နယ်၊ စီချမ်ပြည်နယ်၊ ချုံချင့်မြို့နီစီပယ်ဒေသများ၏ စီးပွားရေးကိုလည်း

စာမျက်နှာ ၇ သို့

မြန်မာ–တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဒုတိယအကြိမ် တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေးပညာရှင်များအား တွေ့ရစဉ်။

စာမျက်နှာ ၆ မှ

ထိခိုက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် နှစ်နိုင်ငံနယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်နိုင်မည်ဆိုပါက ကုန်စည်စီးဆင်းမှုများ ယခင်ထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံ၊ အရှေ့မြောက်ဒေသမှတစ်ဆင့် ယူနန်ပြည်နယ်၊ စီချွမ်ပြည်နယ်၊ ချုံချင့်မြို့နီစီပယ်ဒေသ၊ ကွမ်ရီးပြည်နယ်၊ နန်နင်းမြို့အထိ ကုန်သွယ်ရေးလမ်းကြောင်းအား တိုးချဲ့ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါကုန်သွယ်ရေးလမ်းကြောင်းသည် တရုတ်-မြန်မာနှစ်နိုင်ငံလုံးအတွက် အဓိက ကုန်သွယ်ရေးလမ်းကြောင်း ဖြစ်လာမည့်အပြင် တရုတ်နိုင်ငံ၊ အရှေ့တောင်ပိုင်းဒေသ၊ အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများမှ မြန်မာနိုင်ငံကို ပေါင်းကူးတံတား(Landbridge) အနေဖြင့် အသုံးပြုပြီး အာဆီယံနိုင်ငံများသို့လည်း စီးပွားရေးဆိုင်ရာ ကုန်သွယ်ချိတ်ဆက်မှုများ လုပ်ဆောင်လာနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို ဦးစွာအလေးထား ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကုန်သွယ်ရေးလမ်းကြောင်းများ ပြန်လည် တိုးချဲ့ဖွင့်လှစ်နိုင်ပါက ကုန်ပစ္စည်းအမျိုးအစားများနှင့် တန်ဖိုးမြင့်ထုတ်ကုန်များ (Value-Added Products) ချဲ့ထွင်တင်/ပို့ရေး၊ လမ်းပန်းဆက်သွယ်ရေး တိုးချဲ့ဖောက်လုပ်ရေးနှင့် အဆင့်မြှင့်တင်ရေး၊ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရေးကိစ္စရပ်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်လို

တရုတ်နိုင်ငံ၏ အကူအညီအနေဖြင့် မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးနှင့် ကျွန်းမာရေးကဏ္ဍ၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်၊ စိုက်ပျိုးရေး၊ စက်မှုနှင့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍများတွင် စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ချန်ဒှားမြို့သည် တရုတ်နိုင်ငံအနောက်ပိုင်းရှိ အဓိကစီးပွားရေးစင်တာဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံအတွက် ကုန်သွယ်ရေး၊ နည်းပညာ၊ ခရီးသွားလုပ်ငန်း၊ စွမ်းအင် စသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများစွာရှိကြောင်း၊ ချန်ဒှားမြို့တွင် Intel၊ Foxconn၊ Dell တို့ကဲ့သို့ အီလက်ထရောနစ်နှင့် အိုင်တီနည်းပညာကုမ္ဍဏီများ၊ စက်မှုလုပ်ငန်းများ၊ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းများ၊ စားသောက်ကုန်နှင့် ဆေးဝါးထုတ်လုပ်ရေးကုမ္ဍဏီများ စသည့် လုပ်ငန်းများစွာကို လုပ်ကိုင်ဆောင်ရွက်နေသည်ကို လေ့လာသိရှိရကြောင်း၊ ထို့ပြင် ချန်ဒှားမြို့တွင် နည်းပညာကဏ္ဍနှင့်ပတ်သက်၍ များစွာဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့ရှိရပြီး တရုတ်နိုင်ငံအနောက်ပိုင်းဒေသတွင် ပထမဆုံး AI နည်းပညာဆန်းသစ်တီထွင်မှုနှင့် အသုံးချမှုစမ်းသပ်ဧရိယာဖြစ် မှတ်တိုင်ထူခဲ့သည်ကို လေ့လာသိရှိရကြောင်း၊ မိမိအနေဖြင့် အဆိုပါ လုပ်ငန်းများနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်သွားလိုသည်ကို ပြောကြားလိုကြောင်း။

ချစ်ကြည်ရေးညီအစ်မမြို့

လက်ရှိအချိန်တွင် မြန်မာနိုင်ငံနှင့် စီချွမ်ပြည်နယ်တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကဏ္ဍများစွာရှိကြောင်း၊ စီချွမ်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့အကြား စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေး၊ အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းလာစေရေးအတွက် ချစ်ကြည်ရင်းနှီးသော ပူးပေါင်းဆောင်ရွက်မှုဆက်ဆံရေးတည်ထောင်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ချန်ဒှားမြို့နှင့် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့တို့အကြားတွင်လည်း ချစ်ကြည်ရေးညီအစ်မမြို့ တည်ထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးသွားရန်ရှိကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံနှင့် စီချွမ်ပြည်နယ်တို့အကြား စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်ရေး၊ ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုဖလှယ်နိုင်ရေးနှင့် ပြည်သူ့အချင်းချင်း ကူးလူးဆက်ဆံနိုင်ရေးတို့အတွက် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားစဉ်ကာလကတည်းက ရပ်ဆိုင်းထားခဲ့သည့် ရန်ကုန်-ချန်ဒှား ခရီးသည်တင် လေကြောင်းလိုင်းများကိုလည်း ပြန်လည်ပြေးဆွဲနိုင်ရန်အတွက်လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း။

အလားအလာကောင်းများစွာရှိ

မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် လူဦးရေများပြားသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြားတွင် နယ်နိမိတ်ချင်း ထိစပ်တည်ရှိနေသည့်အတွက် ကုန်သွယ်မှုများပြုလုပ်ရန် အခွင့်အလမ်းများစွာရှိသည့်နိုင်ငံဖြစ်ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံသည် တောင်အာရှ၊ အရှေ့တောင်အာရှနှင့် တရုတ်နိုင်ငံတို့ ဆုံဆည်းရာနေရာ၌ ပထဝီအနေအထားအရ အချက်အချာကျကျ တည်ရှိလျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်မှုအနေဖြင့်လည်း လမ်းဆုံနေရာတွင် တည်ရှိနေပြီး တရုတ်နိုင်ငံအတွက် အိန္ဒိယသမုဒ္ဒရာထွက်ပေါက်ကို ဖန်တီးပေးနိုင်မည့် နိုင်ငံဖြစ်ကြောင်း၊ သို့ဖြစ်၍ လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့် အခြေခံအဆောက်အအုံကဏ္ဍများသည် တရုတ်နိုင်ငံအတွက် အလားအလာကောင်းများစွာရှိသည်ကို အသိပေးပြောကြားလိုကြောင်း။

တရုတ်နိုင်ငံက ဦးစီးဆောင်ရွက်နေသည့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း(Belt and Road Initiative–BRI) တွင် မြန်မာနိုင်ငံအနေဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါကြောင်း အဆိုပါစီမံကိန်းတွင် ကုန်းလမ်းနှင့် ရေကြောင်းလမ်းနှစ်သွယ်ဖြင့် ပိုးလမ်းမစီမံကိန်းဟူ၍ မဏ္ဍိုင်နှစ်ရပ်ပါရှိပြီး ပထမမဏ္ဍိုင်တွင် တရုတ်နှင့် ဥရောပနိုင်ငံများ စီးပွားရေးချိတ်ဆက်မှု ပိုးလမ်းမသစ် (Silk Road Economic Belt) နှင့် ဒုတိယမဏ္ဍိုင်တွင် အရှေ့တောင်အာရှ၊ အာဖရိကနှင့် ဥရောပနိုင်ငံတို့နှင့် ရေကြောင်းဆိုင်ရာဆက်သွယ်မှု ပိုးလမ်းမ(Maritime Silk Road) ဟူ၍ သတ်မှတ်ထားရှိကြောင်း။

အဆိုပါစီမံကိန်းတွင် အပြည်ပြည်ဆိုင်ရာစကြီ်ခြောက်ခုပါရှိကာ မြန်မာနိုင်ငံအနေဖြင့် ကုန်းလမ်းနှင့် ရေလမ်း နှစ်မျိုးလုံးအသုံးပြုနိုင်သည့် ဘင်္ဂလားဒေ့ရှ်–တရုတ်–အိန္ဒိယ–မြန်မာ (BCIM) စီးပွားရေးစကြီ်နှင့် တရုတ်–အင်ဒိုချိုင်းနားကျွန်းဆွယ် စီးပွားရေးစကြီ်တို့တွင် ပါဝင်ပတ်သက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများတွင် ကုန်းမြေတည်ရှိမှုအရ အကြီးဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ပထဝီနိုင်ငံရေးမဟာဗျူဟာအရလည်း အချက်အချာကျသည့် နိုင်ငံတစ်ခုဖြစ်သည့်အပြင် အာရှအဝေးပြေးလမ်းနှင့်အာရှဖြတ်ကျော် ရထားလမ်းကွန်ရက်နှစ်ခုလုံး၏ အစိတ်အပိုင်းဖြစ်သည့်အတွက် ပိုးလမ်းမစီးပွားရေးရပ်ဝန်းတွင် အရေးပါသည့်နိုင်ငံဖြစ်ကြောင်း၊ အဆိုပါရပ်ဝန်းနှင့် ပိုးလမ်းမ စီမံကိန်းအောက်တွင် တရုတ်–မြန်မာ စီးပွားရေးစကြီ်(China–Myanmar Economic Corridor– CMEC) ကို တည်ထောင်ထားပြီး ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလွယ်ကူချောမွေ့စေရန်၊ နယ်စပ်ဒေသများတွင် အထူးစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနေရာများ တည်ထောင်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ CMEC မူဘောင်အောက်မှတစ်ဆင့် တရုတ်–မြန်မာ စီးပွားရေးစကြီ်ဆိုင်ရာ ဆောလျင်စွာဆောင်ရွက်မည့်စီမံကိန်း(Early Harvest Project) ခြောက်ခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

အကျိုးရလဒ်ကောင်းများရရှိနိုင်

တရုတ်–မြန်မာ စီးပွားရေးစကြီ်အောက်တွင် နှစ်နိုင်ငံအကြား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများနှင့်ပတ်သက်၍ ပြောကြားလိုကြောင်း၊ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံတွင် ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်း၊ တရုတ်–မြန်မာ ရထားလမ်းစီမံကိန်း၊ တရုတ်–မြန်မာ နယ်စပ်ဖြတ်ကျော်မဟာဓာတ်အားလိုင်း စီမံကိန်း စသည့် အရေးကြီးသော စီမံကိန်းများစွာ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါစီမံကိန်းများအနက် တရုတ်–မြန်မာ ရထားလမ်းစီမံကိန်းသည် မိမိတို့နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေးအတွက် အကျိုးရလဒ်ကောင်းများ ရရှိနိုင်သည့် အရေးပါသော စီမံကိန်းတစ်ခုဖြစ်ကြောင်း။

အဆိုပါမီးရထားလမ်းစီမံကိန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ပြီး ကုန်သွယ်နိုင်မည်ဆိုပါက မိမိတို့နှင့်ပထဝီအနေအထားအရ အလှမ်းဝေးကွာသော်လည်း နှစ်နိုင်ငံလုံးနှင့် ဆက်ဆံရေးကောင်းမွန်လျက်ရှိသော ရုရှားဖက်ဒရေးရှင်းနိုင်ငံအထိ ကုန်သွယ်မှုပြုလုပ်နိုင်မည့် အလားအလာကောင်းများရှိသည်ကိုလည်း တွေ့ရှိရကြောင်း၊ အာရှတိုက်နှင့် ဥရောပတိုက် နှစ်ခုလုံးတွင်ပါဝင်သော *စာမျက်နှာ ၈ သို့*

- **မြန်မာနိုင်ငံနှင့် စီချွမ်ပြည်နယ်တို့အကြား စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်ရေး၊ ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုဖလှယ်နိုင်ရေးနှင့် ပြည်သူ့အချင်းချင်း ကူးလူးဆက်ဆံနိုင်ရေးတို့အတွက် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားစဉ်ကာလကတည်းက ရပ်ဆိုင်းထားခဲ့သည့် ရန်ကုန်-ချန်ဒှား ခရီးသည်တင် လေကြောင်းလိုင်းများကို ပြန်လည်ပြေးဆွဲနိုင်ရန် ဆောင်ရွက်လျက်ရှိ**
- **မြန်မာနိုင်ငံသည် တောင်အာရှ၊ အရှေ့တောင်အာရှနှင့် တရုတ်နိုင်ငံတို့ ဆုံဆည်းရာနေရာ၌ ပထဝီအနေအထားအရ အချက်အချာကျကျ တည်ရှိလျက်ရှိပြီး တရုတ်နိုင်ငံအတွက် အိန္ဒိယသမုဒ္ဒရာထွက်ပေါက်ကို ဖန်တီးပေးနိုင်မည့် နိုင်ငံဖြစ်သည့်အတွက် လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့် အခြေခံအဆောက်အအုံကဏ္ဍများသည် တရုတ်နိုင်ငံအတွက် အလားအလာကောင်းများစွာရှိ**

စာမျက်နှာ ၇ မှ

ရုရှားနိုင်ငံ၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့အကြား အလယ်ဗဟိုတွင်ရှိသော မြန်မာနိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန် ပထဝီအနေအထားအရ အချက်အချာကျလျက်ကြောင်း၊ မိမိတို့အနေဖြင့် ရုရှားနိုင်ငံ၏ ဗဟိုချက်မမြို့တစ်မြို့ ဖြစ်သော နိုဗိုစီဗစ်မြို့နှင့် ဥရောပတိုက်ဘက်တွင် တည်ရှိသော ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သည့် စိန့်ပီတာဘာဂတ်မြို့တို့တွင် ရုရှားဖက်ဒရေးရင်းနှီးငံ ဆိုင်ရာ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများ ဖွင့်လှစ်ထားရှိပြီးဖြစ်၍ နှစ်နိုင်ငံအကြား ကုန်စည်ကူးသန်းမှုများ တိုးမြှင့်ဆောင်ရွက်သွားရန် မျှော်လင့်ထားကြောင်း၊ တရုတ်နိုင်ငံရှိ ချဲချင့်၊ ကူမင်း၊ နန်နင်း၊ ဟောင်ကောင်မြို့များတွင်လည်း မြန်မာကောင်စစ်ဝန်ချုပ်ရုံးများ ဖွင့်လှစ်ထားရှိပြီးဖြစ်ရာ နှစ်နိုင်ငံ ကုန်သွယ်ရေးကဏ္ဍ မြှင့်တင်ရေးကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အလယ်တွင် တည်ရှိလျက်ရှိရာ မြန်မာ-တရုတ်-ရုရှားသုံးနိုင်ငံပူးပေါင်း၍ ကုန်သွယ်ရေးကဏ္ဍအား တိုးချဲ့ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်း ကုန်စည်စီးဆင်းမှုကိုလည်း များစွာအထောက်အကူပြုနိုင်သည့် အခွင့်အလမ်းကောင်းများထွက်ပေါ်လာနိုင်ကြောင်း။

နိုင်နိုင်မာမာဆောင်ရွက်သွားမည်

မြန်မာနိုင်ငံသည် ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership–RCEP) သဘောတူစာချုပ်ကို အတည်ပြုခဲ့သည့် ပထမဆုံး နိုင်ငံများအနက် တစ်နိုင်ငံဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံကို RCEP သဘောတူစာချုပ်တွင် ၂၀၂၂ ခုနှစ် မေလ ၁ ရက်မှ စတင်အသက်ဝင်ခဲ့သည်ကို အတည်ပြုပေးခဲ့ကြောင်း၊ RCEP သဘောတူစာချုပ်အပြင် တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်၊ အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသဆိုင်ရာသဘောတူစာချုပ် (ACFTA) နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေပါ အကာအကွယ်ပေးရေးနှင့် လွယ်ကူချောမွေ့စေရေး အစီအမံများကြောင့် မိမိတို့နှစ်နိုင်ငံအကြားအပြင် ဒေသတွင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကိုပါ ခိုင်ခိုင်မာမာ တိုးမြှင့်ဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ယုံကြည်မိကြောင်း။

တရုတ်နိုင်ငံက ကြီးမှူးဆောင်ရွက်နေသည့် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု ဦးဆောင်ဦးရွက် ပြုမှုအစီအစဉ်(Global Development Initiatives–GDI)တွင် ပါဝင်သည့် ဦးစားပေးနယ်ပယ် ရှစ်ခုတွင် မြန်မာနိုင်ငံနှင့် ကိုက်ညီသည့် ကဏ္ဍများစွာ ပါဝင်နေသောကြောင့် မိမိတို့မြန်မာနိုင်ငံသည် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန် အခွင့်အလမ်းများစွာရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တရုတ်မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် လုပ်ငန်းလည်ပတ်လုပ်ဆောင်ရာတွင် လွယ်ကူချောမွေ့စေရန်ရည်ရွယ်၍ ကုန်သွယ်မှု၊ နယ်စပ်ငွေလွှဲပြောင်းပေးချေမှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရာတွင် ယွမ်-ကျပ် တိုက်ရိုက်ငွေပေးချေမှုစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေးဂိတ်များမှတစ်ဆင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို ယခုထက်ပိုမိုတိုးမြှင့်သွားလိုကြောင်း၊ ထို့ကြောင့် မိမိတို့၏ မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များအတွက် အကျိုးခံစားခွင့်များနှင့် အခွန်ကင်းလွတ်သက်သာခွင့်များကို သိသာစွာ ပံ့ပိုးပေးထားသည့် အပြင် မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံကြသူများ၊ ကုန်သွယ်မှုဆောင်ရွက်သူများအတွက် နစ်နာမှုမရှိစေရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများဖွံ့ဖြိုး တိုးတက်ရေးအတွက် မြန်မာ-တရုတ် စီးပွားရေးလုပ်ငန်းရှင်များပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်း၍ လုပ်ငန်းများ မြန်ဆန်စွာဖွံ့ဖြိုးတိုးတက်စေရေး အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ တရုတ်စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအဆင်ပြေစေရေး ယွမ်နှင့် တိုက်ရိုက် ရင်းနှီးမြှုပ်နှံနိုင်ရေး စည်းစားဆောင်ရွက်နေပြီး မကြာမီ အချိန်အတွင်း အဖြေပေးနိုင်လိမ့်မည်ဖြစ်ကြောင်း။

လာမည့်ဒီဇင်ဘာလတွင်မြန်မာနိုင်ငံ၌ လွတ်လပ်ပြီးတရားမျှတသည့် အထွေထွေရွေးကောက်ပွဲ ပြုလုပ်မည်ဖြစ်ပြီး နိုင်ငံရေးတည်ငြိမ်မှုများ ပိုမိုအားကောင်းလာစေမည်ဖြစ်ကြောင်း၊ တည်ငြိမ်မှုရှိလာသည်နှင့်အမျှ စီးပွားရေးဆောင်ရွက်မှု အခွင့်အလမ်းများလည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ မြေပေါ်၊ မြေအောက်၊ ရေသယံဇာတများ၊ လူသားအရင်းအမြစ်များနှင့် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုပူးပေါင်းလိုက်မည်ဆိုပါက နှစ်နိုင်ငံအတွက် သိသာသည့်ရလဒ်ကောင်းများ ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း။

ရင်းနှီးမြှုပ်နှံရန်ဖိတ်ခေါ်

မိမိအနေဖြင့် ယခုကဲ့သို့ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် နှစ်နိုင်ငံအကြား များစွာအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှု

မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဒုတိယအကြိမ် တွေ့ဆုံပွဲသို့ တက်ရောက်လာသူများက သိရှိလိုသည်များ ရင်းနှီးပွင့်လင်းစွာ မေးမြန်းဆွေးနွေးစဉ်။

အလားအလာများကို မျှဝေဆွေးနွေးခွင့်ရရှိသည့် အတွက် အထူးပင်ဝမ်းမြောက်မိကြောင်း၊ မြန်မာနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအတွက် ယုံယုံကြည်ကြည်ဖြင့် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်အပ်ကြောင်း၊ ယခုတွေ့ဆုံဆွေးနွေးပွဲမှ တစ်ဆင့် နှစ်နိုင်ငံအကြား ဆက်ဆံရေး ရေရှည်တည်တံ့ခိုင်မြဲပြီး အနာဂတ်တွင် ပိုမိုကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် ယူနနန်ပြည်နယ်၊ စီချွမ်ပြည်နယ်၊ ချဲချင့်မြို့နိုစီပယ်မြို့နှင့် ဟူနန်ပြည်နယ်တို့ရှိ တရုတ်ကုမ္ပဏီများမှ တာဝန်ရှိသူများက မန္တလေးလေးငါးကြီးလှပ်ခတ်ပြီးချိန်၌ တရုတ်နိုင်ငံမှ အဖွဲ့အစည်းများက အကူအညီပေးရေး လုပ်ငန်းများဆောင်ရွက်ခဲ့မှုနှင့် လေ့လာဆန်းစစ်ရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့မှု၊ ငလျင်ဆိုင်ရာ ပြန်လည်ထူထောင်ရေးနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံလိုမှု၊ ပို့ကုန်သွင်းကုန်များနှင့် ပတ်သက်၍ မြန်မာနိုင်ငံမှ ချမှတ်ထားသည့် မူဝါဒများအား သိရှိလိုမှု၊ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ဒစ်ဂျစ်တယ်နည်းပညာများတွင် ပူးပေါင်းဆောင်ရွက်လိုမှု၊ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်စေရေး ယွမ်နှင့် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ခွင့်ပြုပေးစေလိုမှု၊ ရင်းနှီးမြှုပ်နှံမှုများအား အကာကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုကို သိရှိလိုမှု၊ သွင်းကုန်လုပ်ငန်းများအတွက် ခွင့်ပြုချက်လိုင်စင်များလျှောက်ထားရာတွင် အချိန်ကာလ ကြာမြင့်မှုများဖြစ်ပေါ်နေမှုကို ဖြေရှင်းဆောင်ရွက်ပေးစေလိုမှု၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် စက်ကိရိယာအသုံးအဆောင်ပစ္စည်းများ တင်ပို့လိုမှု၊ မြန်မာ-တရုတ် စီးပွားရေးစကြီစီမံကိန်းလုပ်ငန်းစဉ်အား ဆက်လက်ဆောင်ရွက်သွားစေလိုမှု၊ တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးအတွက် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လိုမှု အခြေအနေများနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးကြသည်။

မေးမြန်းဆွေးနွေးမှုများအပေါ် ခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားသည့် ဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရင်းလင်းပြောကြားရာတွင် ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ သက်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိမှု၊ တင်ဒါလုပ်ငန်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိမှု၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများ တိုးတက်ဆောင်ရွက်လာမှု၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လာရောက်ဆောင်ရွက်စေလိုမှု၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့် မြေနေရာများကို ခွင့်ပြုရာတွင်လည်း သတ်မှတ်ချက်များအညီ သာခွင့်ပြုပေးမှု၊ သတ်မှတ်ချက်များနှင့် ကိုက်ညီမည်ဆိုပါက မြေလွတ်မြေရိုင်းများကို မြန်မာနိုင်ငံ မြေလွတ်မြေလပ်နှင့် မြေရိုင်းများဥပဒေနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိမှု၊ မြန်မာနိုင်ငံသို့ လာရောက်၍ ဆွေးနွေးမှုများကို ဆောင်ရွက်နိုင်မှု၊ ကုမ္ပဏီများတွင် နည်းပညာရှင်များအားသတ်မှတ်ထားသည့်နှုန်းထားများဖြင့် ပညာရှင်များကို ငှားရမ်းရန် မူဝါဒချမှတ်ထားမှု၊ မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပေါ်ဆန်းမွေးဆန်အား တရုတ်နိုင်ငံသို့တင်ပို့နိုင်မှု၊ မြန်မာနိုင်ငံမှ အထည်ချုပ်လုပ်ငန်းများ အဆင့်မြှင့်တင်နိုင်ရေးအတွက် စက်ကိရိယာများ လိုင်စင်လျှောက်ထားခြင်းများဆောင်ရွက်ရာတွင် သွင်းကုန်များအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသည့် လယ်ယာသုံးစက်ကိရိယာများကို မိမိတို့နိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံပြီး ထုတ်လုပ်စေလိုမှု၊ စိုက်ပျိုးရေးထွက်ကုန်များ ပိုမိုတိုးတက်လာစေရေး လာရောက်ရင်းနှီးဆောင်ရွက်စေလိုမှု၊ မြန်မာ-တရုတ် စီးပွားရေးစကြီ စီမံကိန်းလုပ်ငန်းစဉ်အား နှစ်နိုင်ငံပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားကြသည်။

ဆွေးနွေးပြောကြားမှုများအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတနိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ကတလျင်ဘေးဒဏ်သင့်နေရာများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ တရုတ်နိုင်ငံ၏ အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တရုတ်ကုမ္ပဏီများနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ စည်းကမ်းသတ်မှတ်ချက်များနှင့်ကိုက်ညီပါက လုပ်ငန်းများဆောင်ရွက်ခွင့်ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏အဆောက်အအုံများကို နိုင်ငံတော်အစီအစဉ်ဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ပုဂ္ဂလိက အဆောက်အအုံများနှင့်ပတ်သက်၍လည်း UMFCCI ဖြင့်ချိတ်ဆက်ပြီး ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ကုမ္ပဏီမှ ကြိုတင်ငွေများဖြင့် ဆောင်ရွက်မည်ဆိုပါကလည်း ခွင့်ပြုပေးနိုင်ကြောင်း၊ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်စေရေးအတွက် ယွမ်နှင့် တိုက်ရိုက် ရင်းနှီးမြှုပ်နှံနိုင်ရေး စီစဉ်လျက်ရှိကြောင်း။

ကျပ်ငွေဖြင့် တိုက်ရိုက်ပေးချေမှုများကို ခွင့်ပြုပေးနိုင်ရေး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပါက တာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းပြီး အမြန်ဆုံး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သွင်းကုန် ပမာဏ ကန့်သတ်ချက်နှင့် ပတ်သက်၍ မိမိတို့နိုင်ငံ၏ ငွေကြေးများအား ပိတ်ဆို့ခံထားရမှုကြောင့် ယွမ်နှင့် ကျပ် တိုက်ရိုက်ပေးချေပြီး ဆောင်ရွက်သွားမည်ဆိုပါက လုပ်ငန်းများ ပိုမိုလျင်မြန်လာမည်ဖြစ်ကြောင်း ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ယွမ်နှင့်ကျပ် တိုက်ရိုက်ပေးချေနိုင်ရေး

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက နိုဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့လာရောက်ခဲ့သည့် ခရီးစဉ်သည် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်အတွက် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့်ထိစပ်နေသည့် ပြည်နယ်များနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်ရေးအတွက် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုမြှင့်တင်မှုနှင့် ပတ်သက်၍ ယခုထက်ပိုမိုတိုးတက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံမှ ထုတ်ကုန်ပစ္စည်းများအား တရုတ်နိုင်ငံသို့ တင်သွင်းရန်နှင့် တရုတ်နိုင်ငံမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို မြန်မာနိုင်ငံသို့တင်သွင်းရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ယွမ်နှင့် ကျပ် တိုက်ရိုက်ပေးချေနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို ဝယ်ယူပေးခြင်းအားဖြင့်လည်း တရုတ်နိုင်ငံမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို

စာမျက်နှာ ၉ သို့

“ လာမည့်ဒီဇင်ဘာလတွင် မြန်မာနိုင်ငံ၌ လွတ်လပ်ပြီးတရားမျှတသည့် အထွေထွေရွေးကောက်ပွဲပြုလုပ်မည်ဖြစ်ပြီး နိုင်ငံရေးတည်ငြိမ်မှုများ ပိုမိုအားကောင်းလာစေမည်ဖြစ်ကာ တည်ငြိမ်မှုရှိလာသည်နှင့် အမျှ စီးပွားရေးဆောင်ရွက်မှုအခွင့်အလမ်းများလည်း ပိုမိုတိုးတက်လာမည် ”

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံ သတင်းမီဒီယာများ၏ မေးမြန်းမှုများကို လက်ခံဖြေကြားစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ချန်ဒူးမြို့၌ မီဒီယာများ၏မေးမြန်းမှုများအား ပြန်လည်ဖြေကြား

နေပြည်တော် စက်တင်ဘာ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံ ချန်ဒူးမြို့သို့ရောက်ရှိနေစဉ်အတွင်း ချန်ဒူးမြို့ရှိ Shanghai La ဟိုတယ်၌ ယနေ့မွန်းလွဲ ပိုင်းတွင် တရုတ်နိုင်ငံသို့ အလုပ်သဘောခရီးစဉ် လာရောက်ခဲ့မှုနှင့်ပတ်သက်၍ တရုတ်နိုင်ငံသတင်းမီဒီယာများ၏မေးမြန်းမှုများအား ပြန်လည်ဖြေကြားခဲ့သည်။

ထိုသို့လက်ခံဖြေကြားခဲ့ရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မီဒီယာများဖြစ်ကြသည့် Chengdu Daily၊ Chengdu Business Daily၊ West Chian Metropolis Daily၊ Chengdu Television (CDTV)၊ Sichuan Television(SCTV)၊ China Central Television(CCTV)၊ People's Daily Online နှင့် China xinhua news တို့မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တရုတ်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်အတွင်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး(Shanghai Cooperation Organisation–SCO SUMMIT 2025)နှင့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခဲ့မှုအခြေအနေ၊ တီယန်ကျင်းမြို့နှင့် ချန်ဒူးမြို့တို့၌ မြန်မာ–တရုတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဖြင့်တင်ရေးဆွေးနွေးပွဲများဆောင်ရွက်၍ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဖြင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများဖြင့်တင်ရေးအတွက် ဆောင်ရွက်ခဲ့မှုအခြေအနေများအား မေးမြန်းမှုများဆောင်ရွက်ခဲ့သည်။

ထိုသို့မီဒီယာများနှင့် တွေ့ဆုံစဉ် ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အလုပ်သဘောခရီးစဉ်အတွင်း SCO ထိပ်သီးအစည်းအဝေး တက်ရောက်ခဲ့မှု၊ တရုတ်စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ဖြင့်တင်နိုင်ရေးလုပ်ငန်းများဆောင်ရွက်မှုအခြေအနေများကို အောက်ပါအတိုင်း ရှင်းလင်းပြောကြားခဲ့ပါသည်–

အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Xi Jinping ရဲ့ဖိတ်ကြားချက်အရ ပြီးခဲ့တဲ့ သြဂုတ်လ ၃၀ ရက်နေ့ကနေ ဒီနေ့စက်တင်ဘာလ ၆ ရက်နေ့အထိ ၈ ရက်ကြာ တရုတ်နိုင်ငံကို ချစ်ကြည်ရေးခရီးလာရောက်ခဲ့ခြင်းဖြစ်ပါတယ်။ ပထမဆုံး သြဂုတ်လ ၃၁ ရက်နေ့မှာတော့ တီယန်ကျင်းမြို့မှာ ပြုလုပ်ခဲ့တဲ့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထိပ်သီးအပေါင်းအစည်းအဝေးကို ကျွန်တော်တက်ရောက်ခဲ့ပါတယ်။ အဲဒီမှာတော့ ကျွန်တော် မူလအဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများအနေနဲ့ ရှိတဲ့အခါမှာ ကျွန်တော်တို့မြန်မာနိုင်ငံကတော့ ဆွေးနွေးဖက်နိုင်ငံအဖြစ် ၂၀၂၃ ခုနှစ်မှာ ရောက်ရှိပြီးဖြစ်တဲ့အတွက်ကြောင့် ဒီအစည်းအဝေးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး ဖိတ်ကြားချက်အရ လာရောက်တက်ရောက်ခဲ့ပြီး ကျွန်တော် လည်း မိန့်ခွန်းပြောကြားခဲ့ပါတယ်။ အဲဒီမှာတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီးက ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုလုပ်ငန်းတွေ ပြုပြင်ပြောင်းလဲရေး အဆိုပြုချက် ၅ ခု Global Governance Initiative ၅ ချက်ကို အဆိုပြုဆွေးနွေးခဲ့ပါတယ်။ လက်ရှိကမ္ဘာ့အခြေအနေနဲ့ ကိုက်ညီပါတယ်။ ကျွန်တော်တို့ ကမ္ဘာ့နိုင်ငံတွေမှာ ဖွံ့ဖြိုးပြီး နိုင်ငံတွေရှိတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေရှိတယ်။ ဆင်းရဲတဲ့ နိုင်ငံတွေရှိတယ်။ ဒီနိုင်ငံတွေဟာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ အခြေအနေချင်း မတူပေမယ့် လည်း၊ တချို့ တူညီတဲ့အခြေအနေတွေ ရှိပေမယ့် လည်း အင်အားကြီးတဲ့နိုင်ငံတွေက အင်အားတူညီတဲ့ နိုင်ငံတွေရော၊ အင်အားနည်းတဲ့ နိုင်ငံတွေရောကို နိုင်ငံရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ စစ်ရေး မျိုးစုံနဲ့ ဖိအားပေးနေတာကို ကြုံတွေ့နေရပါတယ်။ ဒီဟာကို သမ္မတကြီး H.E. Mr. Xi Jinping က ထောက်ပြပြီးတော့ ဒါကိုပြုပြင်ပြောင်းလဲဖို့ လိုအပ်တဲ့ အကြောင်းကို ပြောခြင်းဖြစ်ပါတယ်။ ဒုံကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံကတော့ ဒီအဆိုပြုချက် ၅ ချက်ကို အပြည့်အဝထောက်ခံကြောင်း ထည့်သွင်းဆွေးနွေးခဲ့ပါတယ်။ ကမ္ဘာ့ခေါင်းဆောင်များက လည်း ထောက်ခံဆွေးနွေးခဲ့ကြပါတယ်။ ဒီရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ရဲ့ အစည်းအဝေးက တော့ လုံးဝအောင်မြင်တဲ့ အစည်းအဝေးတစ်ခု ဖြစ်တယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ တစ်ဆက်တည်းမှာပဲ စက်တင်ဘာလ ၃ ရက်နေ့က ပြုလုပ်ခဲ့တဲ့ တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲအောင်နိုင်ခြင်း နှစ် (၈၀) ပြည့် အခမ်းအနားကိုလည်း ကျွန်တော်တက်ရောက်ခဲ့ပါတယ်။ အင်မတန်ကြီးကျယ်ခမင်းနားတဲ့ စစ်ရေးပြအခမ်းအနားကြီး ဖြစ်ပါတယ်။ ပထမဦးဆုံးအနေနဲ့ တရုတ်တပ်မတော်ရဲ့ စနစ်တကျလေ့ကျင့်ထားမှုကိုလည်း အကောင်းဆုံးဖြစ်တာကို ကျွန်တော်တွေ့ပါတယ်။ နောက်တရုတ်ပြည်သူများရဲ့စည်းကမ်းအပြည့်အဝရှိမှုကို လည်း ကျွန်တော်တွေ့ရှိပါတယ်။ နောက်တတိယ အနေနဲ့ကတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ကာကွယ်ရေးစွမ်းပကား ဖြင့်မားတယ်ဆိုတာကို ဒီမှာတွေ့ရပါတယ်။ နောက်တစ်ခါ ကမ္ဘာကြီးကို တရုတ်နိုင်ငံအနေနဲ့ အကာအကွယ်ပေးနိုင်တယ်ဆိုတာကိုလည်း ကျွန်တော်တို့ ဒီမှာတွေ့ပါတယ်။ တချို့ပစ္စည်းတွေဆိုရင် ကျွန်တော်တို့ လုံးဝကို မထင်တဲ့ကာကွယ်ရေးပစ္စည်းတွေ တွေ့ပါတယ်။ ဒီကာကွယ်ရေး ပစ္စည်းတွေက ကမ္ဘာကို ခြိမ်းခြောက်နေတဲ့ အင်အားကြီးနိုင်ငံတွေရဲ့ အန္တရာယ်ကို ကာကွယ်ပေးနိုင်မယ်ဆိုတာ ကျွန်တော်တို့ယုံကြည်ပါတယ်။ ဖက်ဆစ်တွေရဲ့နှိပ်စက်မှုဒဏ်ကို ခံခဲ့ရတဲ့ တော်လှန်မှု နှစ် (၈၀) ပြည့်တဲ့ ကာလဖြစ်တဲ့အတွက်ကြောင့် အဓိပ္ပာယ်ရှိတဲ့၊ အကျိုးရှိတဲ့ စစ်ရေးပြအခမ်းအနားကြီးတစ်ခုဖြစ်တယ်လို့ ကျွန်တော် ပြောချင်ပါတယ်။ *စာမျက်နှာ ၁၀ သို့*

စာမျက်နှာ ၈ မှ

ဝယ်ယူနိုင်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင်မြေပေါ်မြေအောက်နှင့် ရေသယံဇာတများရှိကြောင်း၊ နယ်စပ်ကုန်သွယ်မှုများမှ တစ်ဆင့် နှစ်နိုင်ငံ အပြန်အလှန်ပို့ကုန်ပစ္စည်းများ တင်ပို့နိုင်ခြင်းဖြင့် နှစ်ဖက်အကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းစေရေး ပိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ယွမ်ဖြင့်လာရောက်၍ ရင်းနှီးမြှုပ်နှံနိုင်ရန် ခွင့်ပြုနိုင်ရေး စီစဉ်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံမှ ထွက်ရှိသည့် သယံဇာတများအား ကုန်ကြမ်းများ အဖြစ် ပြည်ပသို့တင်ပို့ခွင့်မပြုဘဲ ကုန်ချော သို့မဟုတ် တစ်ဝက်တစ်ပျက်ကုန်ချောအဖြစ်သာ တင်ပို့ခွင့်ပြုကြောင်း၊ ထို့ကြောင့် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက် ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်ကြစေလိုကြောင်း။

မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံထားသည့် ကုန်ထုတ်လုပ်ရေးလုပ်ငန်းများရှိ စက်ပစ္စည်းများ အတွက် လိုအပ်သည့်သွင်းကုန်များကို ခွင့်ပြုပေးမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ရှိပြီးသားရင်းနှီးမြှုပ်နှံများတွင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လိုပါကလည်း ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာကုမ္ပဏီများအလိုက် လာရောက်ဆွေးနွေးနိုင်ကြောင်း။

သဘာဝဝန်းကျင်ထိန်းသိမ်းမှုကို မထိခိုက်စေရန်အတွက် ပြည့်ဖြိုးမြဲစွမ်းအင်များ ထုတ်လုပ်နိုင်ရေး ဖိတ်ခေါ်ကြောင်း၊ အထူးသဖြင့် ဆိုလာလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများနှင့် ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရန် ဖိတ်ခေါ်ပါကြောင်း၊ လာရောက်ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ချိန်တွင် လုံခြုံရေးအရ အကာအကွယ်ပေးရေးအတွက်လည်း ဆောင်ရွက်ပေးထားကြောင်း၊ မိမိတို့နိုင်ငံတွင် ရွေးကောက်ပွဲပြီးဆုံးချိန်၌ တည်ငြိမ်အေးချမ်းမှုများ တိုးတက်လာမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံ အေးအေးဂူပုအမျှနိုင်ငံ ဆွေမျိုးပေါက်ဖော်နိုင်ငံ၊ မဟာဗျူဟာမိတ်ဖက်နိုင်ငံများဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံအတွက် ယုံကြည်စိတ်ချရသည့် မိတ်ဆွေရင်းနှီးဆုံးဖြစ်သကဲ့သို့ တရုတ်နိုင်ငံသည်မြန်မာနိုင်ငံအတွက် ယုံကြည်စိတ်ချရသည့် မိတ်ဆွေရင်းနှီးဆုံးဖြင့် ရဲရဲတင်းတင်း လာရောက်ရင်းနှီးမြှုပ်နှံကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေးပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

စာမျက်နှာ ၉ မှ

ကျွန်တော်တို့ တစ်ဆက်တည်းမှာပဲ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အရှေ့မြောက်ဘက်မှာရှိတဲ့ ဟေလုံ့ကျန်းပြည်နယ်နဲ့ ဒီနေ့ ကျွန်တော်ရောက်ရှိနေတဲ့ စီချမ်ပြည်နယ်တို့ကိုလည်း နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်နိုင်ဖို့ ကျွန်တော် ချစ်ကြည်ရေးခရီးဆက်လာခဲ့တာ ဖြစ်ပါတယ်။ ဒီနေ့ခရီးစဉ် ဒီတင်ပြီးပြီဖြစ်ပါတယ်။

နောက်ထပ်ခရီးစဉ်အတွင်းမှာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်တွေ ဘယ်လိုဆောင်ရွက်နိုင်မလဲဆိုတာ ကျွန်တော်လေ့လာတဲ့အခါမှာ ကျွန်တော်တို့ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ဖို့အတွက် အခွင့်အလမ်းတွေ များစွာရှိတာကို ကျွန်တော်တွေ့ပါတယ်။ နောက်တစ်ခါ စီးပွားရေးနဲ့ ပတ်သက်ပြီး ရောင်းဝယ်ဖောက်ကားမှု၊ ကုန်သွယ်မှုနဲ့ပတ်သက်ပြီးတော့လည်း များစွာဆောင်ရွက်နိုင်တဲ့အခွင့်အလမ်းတွေ များစွာရှိတယ်ဆိုတာလည်း နှစ်ဖက်လုံးမှာ ကျွန်တော်တွေ့ပါတယ်။ တီယန်ကျင်းမှာရော၊ စီချမ်ဖြို့မှာရော၊ ဟာပင်းမှာရော၊ ချန်ဒုးဖြို့မှာရော နှစ်နိုင်ငံမှာရှိတဲ့ ကုန်သည်ကြီးများနဲ့ ကျွန်တော်တွေ့ဆုံပြီးတော့ မြန်မာနိုင်ငံရဲ့ စီးပွားရေးအခွင့်အလမ်းနဲ့ ပတ်သက်ပြီးတော့ ပွင့်ပွင့်လင်းလင်း ကျွန်တော်ပြောခဲ့ပါတယ်။ ကျွန်တော်နဲ့ အဖွဲ့ဝင်အဖြစ်ပါလာတဲ့ ဝန်ကြီးတွေကလည်း အကုန်ပြည့်ပြည့်စုံစုံ ရှင်းပြနိုင်ခဲ့ပါတယ်။ တရုတ်ကုန်သည်များကလည်း စိတ်ဝင်တစားနဲ့ ပါဝင်ဆွေးနွေးပြောကြားခဲ့မှုများ၊ လာရောက်တွေ့ဆုံတက်ရောက်ခဲ့မှုများ၊ရှိလို့ရှိရင် ကျွန်တော်တို့နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု များစွာမျှော်လင့်ချက်ရှိနေကြတယ်ဆိုတာ ကျွန်တော်တို့ တွေ့ပါတယ်။ ကျွန်တော် တရုတ်နိုင်ငံကို လာတာ ၁၂ ကြိမ်မြောက် ခရီးစဉ်ဖြစ်ပါတယ်။ ဒီ ၁၂ ကြိမ်မြောက် ခရီးစဉ်မှာ ဒီခရီးစဉ်က အောင်မြင်ဆုံးခရီးစဉ်တစ်ခုလို့ ကျွန်တော်ပြောလိုပါတယ်။ မြန်မာနိုင်ငံဟာ တရုတ်နိုင်ငံရဲ့ ယုံကြည်စိတ်ချရတဲ့ မိတ်ဆွေကောင်းနိုင်ငံ တစ်နိုင်ငံဖြစ်ပါတယ်။ အိမ်နီးချင်းမိတ်ဆွေနိုင်ငံဖြစ်ပါတယ်။ တရုတ်နိုင်ငံကလည်း ကျွန်တော်တို့နိုင်ငံရဲ့ ယုံကြည်စိတ်ချရတဲ့ မိတ်ဆွေအဖြစ် အမြဲတမ်း မျှော်လင့်ထားပါတယ်။ အခု ကျွန်တော်တို့လာတဲ့ခရီးစဉ်က နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်ကို ခိုင်ခိုင်မာမာနဲ့ ယုံယုံကြည်ကြည် လုပ်နိုင်ဖို့အတွက် အခွင့်အလမ်းတွေရခဲ့တယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ တရုတ်နိုင်ငံအနေနဲ့လည်း မြန်မာနိုင်ငံနဲ့ ရဲရဲတင်းတင်း ပူးပေါင်းဆောင်ရွက်နိုင်မယ်လို့လည်း ကျွန်တော် မျှော်လင့်ပါတယ်။ အောင်မြင်မှုခရီးစဉ်တစ်ခုဖြစ်အောင် ခင်ဗျားတို့ တက်ရောက်လာကြသူများကလည်း အိမ်ဖြည့်ပေးတာ ဖြစ်ပါတယ်။ ကောင်းပါပြီ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ထို့နောက် မီဒီယာများ၏ မေးမြန်းမှုများကို အောက်ပါအတိုင်း ပြန်လည်ဖြေကြားခဲ့ပါသည်–

မေး။ လေးစားအပ်ပါသော ယာယီသမ္မတကြီးရှင်။ ကျွန်မကတော့ People Daily Online Media သတင်းထောက်ဖြစ်ပါတယ်။ ကျွန်မမေးချင်တာကတော့ တရုတ်–မြန်မာ ဆက်ဆံရေး၊ သံတမန်ဆက်ဆံရေးဟာ ဒီနှစ်မှာ (၇၅)နှစ်ပြည့်ခဲ့ပြီဖြစ်ပါတယ်။ ယာယီသမ္မတကြီး အနေနဲ့ နှစ်နိုင်ငံ အနာဂတ်မှာ မည်သည့်အခန်းကဏ္ဍများ မဟာဗျူဟာပူးပေါင်းဆောင်ရွက်မှုများမှာ ဆက်လက်ပူးပေါင်းပေးသွားမယ်၊ တရုတ်–မြန်မာရဲ့ အေးအတူပူအမျှ အသိုက်အဝန်းမှာ ဘယ်လို ဆက်လက်တွန်းအားပေးသွားမယ်ဆိုတာ သိရှိလိုပါတယ်ရှင့်။

ဖြေ။ ကျွန်တော်အစက ပြောခဲ့ပြီးသား။ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံဟာ ဆွေမျိုးပေါက်ဖော်နိုင်ငံတွေဖြစ်တယ်။ အိမ်နီးနားချင်းမှာလည်း မိုင်ပေါင်း ၁၃၀၀ လောက်ရှည်တဲ့နယ်နိမိတ်ချင်းထိစပ်နေတဲ့ နိုင်ငံတွေဖြစ်တယ်။ နှစ်နိုင်ငံ သမိုင်းကြောင်းကလည်း နှစ်ပေါင်းများစွာကတည်းက ကူးလူးဆက်ဆံမှုတွေရှိခဲ့တယ်။ နှစ်နိုင်ငံဆက်ဆံရေးကလည်း ယုံကြည်စိတ်ချမှုအပြည့်နဲ့ လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ကဏ္ဍစုံကနေပြီးတော့မှ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်မှုတွေလုပ်သွားမယ်။ နောက်တစ်ခါ တရုတ်နိုင်ငံကနေပြီးတော့ အားသာချက်ရှိနေတဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Green Policy)ပေါ့နော်။ ဒီဟာကလည်း အမြတမ်းစိမ်းလန်းဖိုပြည်တဲ့ မူဝါဒကို ကျွန်တော်တို့ရဲ့ မူဝါဒနဲ့ တူညီတာကြောင့် ဒါလည်း တရုတ်နိုင်ငံရဲ့ အတွေ့အကြုံကို ရယူပြီးတော့မှ တရုတ်ရဲ့ပူးပေါင်းဆောင်ရွက်မှုနဲ့ မြန်မာနိုင်ငံကလည်း ဒီနေ့အကျိုးကျေးဇူးတွေ ခံစားနိုင်အောင် အားပေးဆောင်ရွက်သွားမယ်လို့ပြောချင်ပါတယ်။

မေး။ ကျွန်မကတော့ ဆင်ဟွာသတင်းဌာနမှ ဖြစ်ပါတယ်။ ကျွန်မမေးချင်တာက နှစ်ချက်ရှိပါတယ်။ နံပါတ်တစ်က မြန်မာနိုင်ငံဟာ ရှန်ဟိုင်း SCO မိတ်ဖက်နိုင်ငံဖြစ်ပါတယ်။ အဆွေတော်ဟာဆိုရင် ကျွန်မတို့သမ္မတကြီးရဲ့ဖိတ်ခေါ်မှုနဲ့အတူ တီယန်ကျင်းမြို့မှာဆောင်ရွက်ခဲ့တဲ့ SCO Plus အစည်းအဝေးကို တက်ရောက်ခဲ့ပါတယ်။ အစည်းအဝေးမှာလည်း ကျွန်မတို့ရဲ့သမ္မတကြီးက Global Governance Initiative (GGI)ကိုပြောခဲ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ အဆွေတော်ဟာ သမ္မတကြီး ရှီကျင့်ဖျင်အဆိုပြုခဲ့တဲ့ အစီအမံနဲ့ပတ်သက်ပြီး ဘယ်လိုသဘောထားရှိပါသလဲ။ ပြီးတော့ အဲဒီအစီအမံဟာ လက်ရှိကမ္ဘာကြီးမှာ ဘယ်လိုဟာမျိုးတွေ သက်ရောက်မှုရှိပါသလဲ။ ဒါဟာ နံပါတ်တစ်မေးခွန်းပါ။ နံပါတ်နှစ်မေးခွန်းဟာဆိုရင် ယခုနှစ်ဟာ တရုတ်–မြန်မာ သံတမန်ဆက်ဆံရေး ၇၅ နှစ်မြောက်ဖြစ်ခဲ့ပါပြီ။ သမ္မတကြီး ရှီကျင့်ဖျင်က တီယန်ကျင်းမှာ သမ္မတကြီးနဲ့ တွေ့ဆုံစဉ်မှာတော့ တရုတ်–မြန်မာဆက်ဆံရေးဟာ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးဖြစ်ပြီး ပြည်သူများမှပေါက်ဖွားလာတဲ့ သမိုင်းကြောင်းရှည်လျားတဲ့ ဆက်ဆံရေးဖြစ်ပါတယ်။ နှစ်ဖက်လုံးဟာဆိုရင်တော့ တရုတ်–မြန်မာ သံတမန်ဆက်ဆံရေး ၇၅ နှစ်အပေါ်မှာ မူတည်ပြီး နက်ရှိုင်းစွာ မဟာဗျူဟာပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ တရုတ်–မြန်မာ အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်မှုကိုလည်း တွန်းအားပေးလျက်ရှိပြီး နှစ်နိုင်ငံပြည်သူများကိုလည်း သာယာဝပြောပြီး သုခများကိုလည်း သယ်ဆောင်လာတဲ့အတွက် ကျွန်မ မေးခွန်းကတော့ လက်ရှိအဆွေတော်အနေနဲ့ တရုတ်–မြန်မာနှစ်နိုင်ငံ ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ ပတ်သက်ပြီး ဘယ်လို Comment ပေးလိုပါသလဲ။

ဖြေ။ Global SCO အပေါင်း အစည်းအဝေးနဲ့ ပတ်သက်ပြီး သမ္မတကြီး ရှီကျင့်ဖျင်က Global Governance Initiative (၅) ချက်တင်ပြတာရှိတယ်။ ကျွန်တော်အဖွင့်မှာလည်း စပြီးပြောခဲ့ပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ အင်အားကြီးနိုင်ငံတွေပေါ့။ သူတို့ကနေပြီးတော့ နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေး၊ စစ်ရေးအမျိုးစုံနဲ့ အနိုင်ကျင့်နေတာ တွေ့ရပါတယ်။ ခင်ဗျားတို့ တရုတ်နိုင်ငံကိုပဲ တရုတ်နိုင်ငံအနေနဲ့ ဒါတွေအားလုံးကို ထိန်းသိမ်းဆောင်ရွက်ပေးနိုင်မယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။ နောက်တစ်ခုကတော့ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံဆက်ဆံရေး ၇၅ နှစ်ပြည့်ပြီးတဲ့ ကာလအပေါ်မှာ သဘောထား ပြောတာရှိပါတယ်။ တကယ်လို့ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံဆက်ဆံရေး သံတမန်အရ ၇၅ နှစ်ပြည့်ပေမယ့် ကျွန်တော်တို့ နှစ်နိုင်ငံဆက်ဆံရေးဟာ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့တဲ့ ဆက်ဆံရေးဖြစ်ပါတယ်။ အိမ်နီးနားချင်းနိုင်ငံတွေ လည်းဖြစ်ပါတယ်။ တရုတ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ မြန်မာနိုင်ငံအပေါ် သက်ရောက်မှု အကျိုးဖြစ်မှုရှိသလိုပဲ၊ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှုဟာလည်း တရုတ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူရမှာဖြစ်ပါတယ်။ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး ရှိတယ်ဆိုတာ မြန်မာနဲ့ တရုတ်နှစ်နိုင်ငံပဲ ရှိပါတယ်။ မဟာဗျူဟာမိတ်ဖက်နိုင်ငံ အေးအတူပူအမျှ အသိုက်အဝန်းအတူ ခံစားရမယ်ဆိုတဲ့ နိုင်ငံများအဖြစ် နှစ်နိုင်ငံသဘောတူညီချက်နဲ့ လုပ်နေတာရှိပါတယ်။ ဒါကြောင့် ဒီကဏ္ဍတွေကို အခုလက်ရှိကျွန်တော် တာဝန်ယူထားတဲ့အချိန်မှာလည်း ကျွန်တော်တို့ နိုင်ငံကနေ ဒါကိုအလေးထား ကုစားသွားမှာ ဖြစ်သလို တရုတ်နိုင်ငံကလည်း အခုလက်ရှိပူးပေါင်းဆောင်ရွက်ပေးနေတယ်ဆိုတာလည်း ကျွန်တော်တို့ အားလုံး မျက်မြင်ဖြစ်ပါတယ်။ တရုတ်–မြန်မာ ဆက်ဆံရေးဟာ အခုအခြေအနေမှာ အကောင်းဆုံး အခြေအနေ၊ အမြင့်ဆုံးအခြေအနေကို ရောက်နေတယ်လို့ ဆိုရမေပယ့်လည်း ဒီထက်ပိုပြီးကောင်းတဲ့၊ ဒီထက်ပိုပြီးမြင့်မားတဲ့၊ ဒီထက်ပိုပြီး ပူးပေါင်းဆောင်ရွက်မှုအားကောင်းတဲ့ အခြေအနေမျိုးကို ဆက်ပြီးအကောင်အထည်ဖော်သွားမှာလည်း ဖြစ်ပါတယ်။ ကောင်းတယ်ဆိုတာကတော့ အမြတမ်း မဟုတ်ပါဘူး။ ကောင်းတယ်၊ ဒီထက်ပိုကောင်းတယ်၊ ဒီထက်ပိုပြီးကောင်းတယ်ဆိုတာ တရုတ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုက နမ္မနှာပြနေတယ်။ ဒီလိုပဲ နှစ်နိုင်ငံဆက်ဆံရေး ပူးပေါင်းဆောင်ရွက်ရာမှာ လည်း ကောင်းသည်ထက်ကောင်းအောင်၊ ကောင်းသည်ထက်ကောင်းအောင် ဆောင်ရွက်သွားဖို့ နှစ်ဖက်လုံးက ကြိုးစားရမှာဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်လာတဲ့ ခရီးစဉ်က မနေ့ကအခြေအနေထက် ပိုကောင်းအောင် ကျွန်တော်ဆောင်ရွက်နိုင်ခဲ့တယ်လို့ ပြောချင်ပါတယ်။ ကောင်းပါပြီ။

မေး။ လေးစားအပ်ပါသော ယာယီသမ္မတကြီးရှင်။ ကျွန်မကတော့ စီချမ် Daily ဒီဒီယာမှဖြစ်ပါတယ်။ ကျွန်မ မေးခွန်းလေး နှစ်ခုမေးပါရစေ။ နံပါတ်တစ်မေးခွန်းကတော့ လက်ရှိစီချမ်ကို လာရောက်တဲ့ ခရီးစဉ်မှာ ဘယ်လိုခံစားရပါသလဲ။ ဘယ်လိုကျေးဇူးရပါသလဲ။ နံပါတ်နှစ်က စီချမ်နဲ့ မြန်မာကြားမှာ ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်တွေမှာ ဘယ်နယ်ပယ်တွေမှာ ပူးပေါင်းဆောင်ရွက်ဖို့ မျှော်လင့်ချက်ရှိပါသလဲ။

ဖြေ။ စီချမ်ပြည်နယ်ကိုလာရတာ အဓိကကတော့ ကျွန်တော်ကတော့ ချန်ဒုးပေါ့လေ။

တရုတ်နိုင်ငံ သတင်းဓီဒီယာများမှ တာဝန်ရှိသူများက မေးခွန်းများ မေးမြန်းကြစဉ်။

ချန်ဒုးကို ဒီအခေါက်အပါအဝင် ၅ ကြိမ်ကျွန်တော် ရောက်ပါတယ်။ ၂၀၀၇ ခုနှစ်က ရောက်ခဲ့တာ လွန်ခဲ့တဲ့ ၁၈ နှစ်က ကျွန်တော်ရောက်ခဲ့တာ။ ကျွန်တော်ရောက်ခဲ့တဲ့ အကြိမ်တွေအတွင်းမှာတော့ ချန်ဒုးက၊ ချန်ဒုးဆိုတာကလည်း စီချမ်ကို ကိုယ်စားပြုထားတာပေါ့။ အများကြီး ဖွံ့ဖြိုးတိုးတက်နေတာကို တွေ့မြင်ရပါတယ်။ ကျွန်တော်တို့ အားလည်းကျပါတယ်။ ဒါလေးလည်း ပူးပေါင်းဆောင်ရွက်ဖို့ အဆွေတော်တို့ရဲ့ ပါတီအတွင်းရေးမှူးနဲ့ ဆွေးနွေးခဲ့တာရှိတယ်။ ဒါတွေ ပူးပေါင်းဆောင်ရွက်ဖို့ အတွက် နှစ်ဖက်လုံး သဘောတူကြပါတယ်။ နှစ်နိုင်ငံ နှစ်ဖက်ပေါ့။ စီချမ်ပြည်နယ်နဲ့ မြန်မာနိုင်ငံ ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်တွေ ကျယ်ကျယ်ပြန့်ပြန့် ရှိတယ်။ စီချမ်ပြည်နယ်ဟာ စက်မှုနည်းပညာမှာလည်း ဖွံ့ဖြိုးတိုးတက်ပါတယ်။ နောက်ပညာရေး ကဏ္ဍမှာလည်း မြင့်မားပါတယ်။ စိုက်ပျိုးရေးကဏ္ဍလည်း မြင့်မားပါတယ်။ သို့သော် စီချမ်ပြည်နယ်မှာ မရှိတဲ့ စိုက်ပျိုးရေးထုတ်ကုန်၊ မြေပေါ်မြေအောက် ထုတ်ကုန်ပစ္စည်းတွေ ရေထွက်ပစ္စည်းတွေ မြန်မာနိုင်ငံက အများကြီးရှိပါတယ်။ ဒါကြောင့် ဒီဟာကို နှစ်ဖက်ပူးပေါင်းဆောင်ရွက်မယ် ဆိုလို့ရှိရင် တရုတ်နိုင်ငံ ကိုယ်စားပြုဆောင်ရွက်တာနဲ့ အတူတူပဲလို့ ကျွန်တော်ပြောချင်ပါတယ်။ လေကြောင်းပို့ဆောင်ရေးနဲ့ ပတ်သက်ပြီး အမြန်ဆုံးအကောင်အထည်ဖော်ဖို့အတွက် စီစဉ်နေပါတယ်။ ကုန်သွယ်မှုတွေ မြင့်မားလာရင် လေကြောင်းသွားလာမှုတွေလည်း များလာမှာဖြစ်တယ်။ ဘာပဲပြောပြော စီချမ်ပြည်နယ်နဲ့ မြန်မာနိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဟာ အရင်ကာလနဲ့စာရင် အများကြီးဒီထက်အဆပေါင်းများစွာ တိုးတက်မယ်လို့ ကျွန်တော်မျှော်မှန်းထားပါတယ်။ ဒါကြောင့်မို့စီချမ်ပြည်နယ်က မိဒီယာအဖွဲ့တွေလည်း မြန်မာနိုင်ငံကို လာရောက်ပြီးတော့ လေ့လာဖို့ ဖိတ်ကြားပါတယ်။ လာကြည့်ပါ။ လာကြည့်မှ မြန်မာနိုင်ငံနဲ့ ဘယ်လိုဆောင်ရွက်မယ်ဆိုတဲ့ အဓိပ္ပာယ်ကိုလည်း ပိုပြီးတော့ ခံစားရမှာဖြစ်ပါတယ်။ ကောင်းပါပြီ။ ကျေးဇူးတင်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်သွားရောက်ခဲ့မှုနှင့် ပတ်သက်၍ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက သတင်းမီဒီယာများ၏ မေးမြန်းမှုများအား လက်ခံဖြေကြား

နေပြည်တော် စက်တင်ဘာ ၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping ၏ဖိတ်ကြားမှုအရ တရုတ်နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus) နှင့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲအောင်နိုင်ခြင်းနှစ်(၈၀)ပြည့် အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားများသို့ တက်ရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့ညနေပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးမြို့ရှိ Chengdu Shuangliu အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

ထိုသို့ ပြန်လည်ရောက်ရှိစဉ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်သွားရောက်ခဲ့မှုနှင့် ပတ်သက်၍ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ယခုလိုပဲ ဖြေကြားခဲ့ပါတယ် –

မေး။ ။ ပထမဦးဆုံးအနေနဲ့ နိုင်ငံတော်လုံခြုံရေးနဲ့ အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်တဲ့ မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့က တရုတ်နိုင်ငံမှာ ကျင်းပတဲ့ SCO ထိပ်သီးအစည်းအဝေးနဲ့ တရုတ်နိုင်ငံမှာ တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ် (၈၀) ပြည့်အခမ်းအနားကို တက်ရောက်ခဲ့တာ တွေ့ရပါတယ်။ ဒီအခမ်းအနားမှာ တခြားနိုင်ငံတွေရဲ့ ခေါင်းဆောင်တွေအပါအဝင် တရုတ်သမ္မတ၊ အိန္ဒိယဝန်ကြီးချုပ်၊ လာအိုနိုင်ငံ ခေါင်းဆောင်တွေနဲ့ တွေ့တာကို တွေ့ရပါတယ်။ ဒီတွေ့ဆုံမှုတွေကနေ မြန်မာနိုင်ငံနဲ့ မြန်မာနိုင်ငံသားတွေအတွက် ဘယ်လို အကျိုးကျေးဇူးတွေရှိနိုင်ပါသလဲ ခင်ဗျာ။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ဖြေကြားစဉ်။

ဖြေ။ ။ တရုတ်နိုင်ငံခရီးစဉ်မှာ တရုတ်နိုင်ငံတုန်းကလည်း ပြောပြီးဖြစ်ပါတယ်။ တရုတ်နိုင်ငံခရီးစဉ်မှာ အပိုင်းသုံးပိုင်း ရှိပါတယ်။ နံပါတ်တစ်အပိုင်းကတော့ တီယန်ကျင်းမြို့မှာ (SCO) ပေါ့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး သွားရောက်တက်ရောက်တယ်။ ဒုတိယအပိုင်းကတော့ တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ် (၈၀) ပြည့်အခမ်းအနားပေကျင်းမှာ တက်ရောက်တယ်။ တတိယတစ်ပိုင်းကတော့ တရုတ်ရဲ့ ပြည်နယ်တွေ သွားရောက်လည်ပတ်တယ်။ ဟေလုံကျန်းပြည်နယ် ဟာပင်းမြို့၊ စီချမ်ပြည်နယ် ချန်ဒူးမြို့ကို သွားရောက်လည်ပတ်ပြီး လေ့လာရေးခရီးသွားခဲ့တယ်။ ဒီနေရာမှာ အပိုင်းသုံးပိုင်းက မြန်မာနိုင်ငံအတွက် ပြောချင်တာကတော့ SCO အစည်းအဝေးမှာ ဒီအဖွဲ့အစည်းက တော်တော်ကြီးမားတဲ့ အဖွဲ့အစည်းကြီးဖြစ်တယ်။ နောက်ပိုင်းမှာ ဝင်ချင်တဲ့အဖွဲ့ဝင်နိုင်ငံတွေလည်း များလာတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ပထမဦးဆုံးပြောချင်တာက ဒီအဖွဲ့ရဲ့ အစည်းအဝေးမှာရော၊ တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ် (၈၀) ပြည့် အခမ်းအနားမှာရော ဖိတ်ခေါ်ခဲ့တဲ့ အတွက် တရုတ်နိုင်ငံနဲ့ တရုတ်အစိုးရ တရုတ်နိုင်ငံ သမ္မတကြီးကို အထူးကျေးဇူးတင်ကြောင်း ပထမဆုံး ပြောကြားလိုပါတယ်။ ကျွန်တော်တို့ ခင်ဗျားတို့လည်း အသိပဲ။ ကျွန်တော်တို့ ခင်ဗျားတို့ အသိပဲဆိုတာ မြန်မာနိုင်ငံအနေနဲ့က နိုင်ငံတကာမှာ သူတို့ရဲ့ သွေးထိုးလှုံ့ဆော်မှုတွေ၊ မြန်မာနိုင်ငံထဲမှာရှိတဲ့ စည်းလုံးညီညွတ်မှုမရှိတဲ့သူတွေရဲ့ သွေးထိုးလှုံ့ဆော်မှုတွေအရ နိုင်ငံရေးအရ မြန်မာနိုင်ငံဟာ နိုင်ငံတကာရေးရာမှာ နည်းနည်းနောက်ကျနေတဲ့ အခြေအနေမျိုးရှိတယ်။ ဒါယခင်ကတည်းကတိုင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေနဲ့ ယခင်ရုရှားခရီးစဉ်တွေ၊ တရုတ်သမ္မတကြီးနဲ့ ခရီးစဉ်မှာ မြှင့်တင်ပေးပါတယ်။ အခုဟာက ပိုပြီးတော့ ကောင်းတဲ့မြှင့်တင်မှု၊ ပိုပြီးတော့ ပြည့်စုံတဲ့မြှင့်တင်မှုလို့ ပြောချင်ပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ နိုင်ငံတကာမှာ ပြန်လည်ပြီး သိကျွာရှိရှိ ရပ်တည်နိုင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့တယ်။ ဒုံအပြင် SCO အစည်းအဝေးတွေမှာ နိုင်ငံတကာခေါင်းဆောင်တွေနဲ့ တော်တော်များများတွေ့ခဲ့တယ်။ နိုင်ငံတကာခေါင်းဆောင်တွေ ဆိုတာကလည်း နိုင်ငံတစ်နိုင်ငံကို အုပ်ချုပ်ရတဲ့သူတွေက သူ့ရဲ့ ပြည်တွင်းအလုပ်နဲ့တင် သူက အလုပ်ရှုပ်နေတာ ဖြစ်တယ်။ သူတို့အနေနဲ့ ဘာတွေပဲ အများဆုံး ကြည့်နိုင်သလဲဆိုရင် သူတို့အပေါ်မှာ ပို့လိုက်တဲ့၊ သူတို့အဖွဲ့တွေကပို့လိုက်တဲ့ Report ပေါ့။ ဒီ Report တွေ၊ အစီရင်ခံစာတွေကလည်း ဘယ်အပေါ်မှာ အစီရင်ခံသလဲဆိုတော့ မီဒီယာတွေပေါ်မှာ အစီရင်ခံတာ မီဒီယာတွေပေါ်မှာ အစီရင်ခံတော့ မီဒီယာလောကကလည်း ဘာဖြစ်နေသလဲဆိုတော့ ခင်ဗျားတို့ ကျွန်တော်တို့သိတဲ့အတိုင်း မီဒီယာလောကကလည်း အနောက်နိုင်ငံတွေက လိုလားရင် တစ်မျိုး၊ မလိုလားရင် တစ်မျိုးဆိုတာဖြစ်နေတယ်။ ဒီအပေါ်မှာ အခြေခံပြီးရေးတဲ့ သူတို့ ဖတ်ရတဲ့ဟာတွေ၊ သူတို့ အမြဲတမ်းတွေ့ကြုံနေရတဲ့ဟာတွေသည် ပြည့်စုံမှုရှိမှာ မဟုတ်ဘူး။ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး သေချာတာတစ်ခုကတော့ မကောင်းကြောင်းတွေပဲ များဖို့ များတယ်။ ဒီလိုတွေ့ရတဲ့အချိန်မှာ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး သူတို့တွေ့ရတယ်။ မြန်မာနိုင်ငံ ခေါင်းဆောင်နဲ့ ပတ်သက်ပြီး အနီးကပ်တွေ့ရတယ်။ စိတ်နေစိတ်ထားတွေ့ရတယ်ပေါ့။ စကားပုံတစ်ခုရှိတယ် (Seeing is believing) ကိုယ်တွေ့ကြုံရင် ယုံတယ်။ မျက်မြင်ရင် ယုံတယ်။ မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့တာဖြစ်တယ်။ မျက်မြင်ကိုယ်တွေ့ဖြစ်ခဲ့တာ ဖြစ်တဲ့အတွက်ကြောင့် မြန်မာနိုင်ငံအပေါ်မှာထားရှိတဲ့ စိတ်ထားတွေ၊ မြန်မာနိုင်ငံအပေါ်မှာ ထင်မြင်တဲ့ အထင်အမြင်တွေသည် ပိုပြီးတော့ ကောင်းမွန်လာတယ်။ ဒီလိုကောင်းမွန်အောင် စွမ်းဆောင်နိုင်ခဲ့တယ်လို့ မြင်ပါတယ်။

တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အခမ်းအနားတက်ရတယ်။ တော်တော်ကြီးကျယ်တဲ့ အခမ်းအနားဖြစ်ပါတယ်။ ဒါသည် တရုတ်ပြည်သူလူထုရဲ့ စည်းစနစ်ကျမှုတွေ၊ တရုတ်တပ်မတော်ရဲ့ စည်းစနစ်ကျမှုတွေ၊ ကာကွယ်ရေးစွမ်းပကားမြင့်မားမှုတွေ၊ တရုတ်တပ်မတော်က ကမ္ဘာကြီးရဲ့ တည်ငြိမ်အေးချမ်းရေးလုံခြုံရေးအတွက် ခေတ်မီလက်နက် ကိရိယာတွေပိုင်ဆိုင်ထားတယ် ဆိုတာတွေ အားလုံးကို ပြသနိုင်ခဲ့တယ်။ ပြသနိုင်ခဲ့တဲ့ အပြင် ဒီမှာတွေ့ရတဲ့ ခေါင်းဆောင်တွေနဲ့လည်း

စာမျက်နှာ ၁၃ သို့

ပွဲလယ်တင့်မြင်ကွင်း

❖ ချစ်တဲ့သူငယ်လေ၊
ပြည်ထောင်စုဖွား ပြည်ထောင်စုသား
ညီအစ်ကိုမောင်နှမများတို့ရေ။

❖ တရုတ်ပြည်သူ့သမ္မတနိုင်ငံက
ဖိတ်ကြားတဲ့ပွဲကို
တို့နိုင်ငံ အကြီးအကဲ
ဆင်နွဲတဲ့ခရီးစဉ်မှာ
ရွှင်ရွှင်လန်းလန်း၊ အပြုံးပန်းတွေနဲ့
တခမ်းတနား ကြိုကြတယ်။

❖ တို့နိုင်ငံအကြီးအကဲရဲ့
ပွဲလယ်တင့်မြင်ကွင်းက
နှင်းရည်ဆမ်းတဲ့ပန်းလို
သင်းကြည်လို့လန်းနေတာပဲအေ။

❖ တရုတ်နဲ့ မြန်မာ
မဂ်ီလာအပြည့်၊ ကျက်သရေရှိပါပေ့
တစ်မိသားနဲ့ တစ်မိသား
ညီအစ်ကို မောင်နှမများလို
လေးစားချစ်ကြင်၊ သံယောဇဉ်နဲ့
ရင်ချင်းအပ် ကျောချင်းကပ်
တစ်ထပ်တည်း တစ်သားတည်း
လက်ပွန်းတတီး၊ တရင်းတနှီး
ခရီးအတူလျှောက်
တစ်ယောက်အား တစ်ယောက်ကိုးတဲ့
ဆွေမျိုးပေါက်ဖော်တွေမဟုတ်လားအေ။

❖ ပေါက်ဖော်ဆွေမျိုး၊ ဝေစည်ဖြိုးအောင်
အားကြိုးမာန်တက် ဆောင်ကြတယ်။

❖ ခရီးလမ်းကြောင်း၊ မတိမ်းစောင်းအောင်
မိတ်ကောင်းဆွေဝတ် ကျေကြတယ်။

❖ အရေးကြီးက၊ သွေးနီးကြလို့
ဖေးမကူညီ စောင့်ရှောက်တယ်။

❖ နိုင်ငံတကာ၊ မျက်နှာစာမှာ
ထည်ဝါခုံညား ပါပေ့တယ်။

❖ နိုင်ငံတကာကပါ၊ ကြွရောက်လာတဲ့
ကမ္ဘာတစ်လွှား၊ ခေါင်းဆောင်များ
အားရမဆုံး၊ ချိုလွင်ပြုံးလို့
နှလုံးစိတ်ဝမ်း၊ ပီတိလွှမ်းကာ
ချမ်းမြေ့ကြည်နူး ကြတယ်အေ။

❖ နိုင်ငံ့ဦးသျှောင်၊ တို့ခေါင်းဆောင်နှင့်
ညီနောင်အလား၊ ခေါင်းဆောင်များတို့
နိုးကြားအမြင်၊ တူယှဉ်ဆွေးနွေး
အလေးထားကာ၊ အဖြေရှာ၍
ကောင်းရာကောင်းကျိုး၊ ဆောင်သယ်ပိုးသည်
တန်ဖိုးအနှဋ္ဌ ပါပဲအေ။

❖ ခေါင်းဆောင်အချင်းချင်း၊ မေတ္တာနှင်းလို့
ရင်တွင်းအေးမြ ကြည်နူးကြတယ်။

❖ တစ်စိတ်တစ်ဝမ်း၊ ရှေ့သို့လှမ်းဖို့
ရွှေလမ်းငွေလမ်း ဖောက်ကြတယ်။

❖ အလိုလေ့အိုင်
တို့နိုင်ငံ တို့လူမျိုးရဲ့
ကောင်းကျိုးကိုဆောင်၊ ကောင်းကျိုးအောင်သည့်
ဂုဏ်ရောင်တင့်ရွှန်း၊ အမှုကွန်းကို
ဖော်ညွှန်းလိုက်တယ် အေတို့ရေ။ ။

ရေနံ့သာမောင်ကျော်ညွှန့်

တရုတ်နိုင်ငံ ကူမင်းမြို့၌ ၂၀၂၅ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ တောင်ပိုင်းဒေသမီဒီယာနှင့် Think Tank အဆင့်မြင့်ဖိုရမ်ကျင်းပ

ကူမင်း စက်တင်ဘာ ၆

၂၀၂၅ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ တောင်ပိုင်းဒေသ မီဒီယာနှင့် Think Tank အဆင့်မြင့်ဖိုရမ် ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ Intercontinental ဟိုတယ်၌ ကျင်းပသည်။

ဖိုရမ်ဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အဖွဲ့၊ တရုတ်နိုင်ငံ ပါတီဗဟိုကော်မတီနှင့် ယူနန်ပြည်နယ် ပါတီကော်မတီတို့မှ တာဝန်ရှိသူများ၊ တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများမှ အစိုးရဌာနဆိုင်ရာတာဝန်ရှိသူများ၊ မီဒီယာများ၊ တတ်သိပညာရှင်များ၊ ကုမ္ပဏီများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၅ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ တောင်ပိုင်းဒေသမီဒီယာနှင့် Think Tank အဆင့်မြင့်ဖိုရမ် စုံညီအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသူများအား ယူနန်ပြည်နယ်မှ တိုင်းရင်းသားပေါင်းစုံက တိုင်းရင်းသားအကအလှများဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တက်ရောက်လာသူများက ယူနန်ပြည်နယ် ထုတ်ကုန်များ ပြခန်းနှင့် ရှေးဟောင်းအနုပညာ ပြခန်းများ ကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ယူနန်ပြည်နယ်မှ အကအဖွဲ့က ကပြဖျော်ဖြေတင်ဆက်ကာ Video Clip ကို ပြသ၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ပါတီအတွင်းရေးမှူး Wang Ning ၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီမှ Hu Heping ၊ ဆင်ဟွာသတင်းဌာနအကြီးအကဲ Fu Hua နှင့်တာဝန်ရှိသူများက ကမ္ဘာလုံးဆိုင်ရာ တောင်ပိုင်းမီဒီယာများ ပိုမိုပူးပေါင်း ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က မန္တလေးလျှင်ကြီး လှုပ်ခတ်ပြီးနောက် ပထမဦးဆုံးရောက်ရှိခဲ့သော ယူနန်ပြည်နယ် ကယ်ဆယ်ရေးအဖွဲ့တွင် ပါဝင်ခဲ့သည့်အဖွဲ့ခေါင်းဆောင်တစ်ဦးက ငလျင်ပြီးနောက် ချက်ချင်းရောက်ရှိပြီး အသက်ရှင်လျက် အဘွားအိုတစ်ဦး အား ကယ်ဆယ်နိုင်ခဲ့မှု၊ အဘွားအို နှင့်မိသားစုက ကယ်ဆယ်ရေးအဖွဲ့ အားလှိုက်လှဲဝမ်းသာစွာ ကျေးဇူး တင်စကား ပြောကြားခဲ့မှု၊ တရုတ် ကယ်ဆယ်ရေးအဖွဲ့များနှင့် ယူနန်ပြည်နယ် ကယ်ဆယ်ရေးအဖွဲ့တို့၏ ကူညီကယ်ဆယ်ရေး စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ခဲ့မှုကြောင့် မြန်မာ – တရုတ် ပိုမိုခိုင်မြဲသော ချစ်ကြည်ရေး ဖော်ဆောင်နိုင်ခဲ့မှု တို့နှင့် စပ်လျဉ်း၍ မှတ်တမ်းဓာတ်ပုံများ ပြသပြီး ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦးက မန္တလေးမြေငလျင် အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်း အတွေ့အကြုံနှင့် ယူနန်ပြည်နယ် ကယ်ဆယ်ရေးအဖွဲ့၏ ကယ်ဆယ်ရေး ဆောင်ရွက်မှုတို့ကို ဆွေးနွေးပြောကြားသည်။

မွန်းလွဲပိုင်းတွင် အဆင့်မြင့်ဖိုရမ်၏ စုံညီအစည်းအဝေးကို ဆက်လက်ကျင်းပရာ တိုင်းရင်းသားအဖွဲ့များက ရိုးရာအကဖြင့် ကပြဖျော်ဖြေတင်ဆက်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရုရှား၊ ပါကစ္စတန်၊ နိုင်ဂျီးရီးယား၊ အိန္ဒိယ၊ ကာတာ စသည့်နိုင်ငံများမှ သတင်းမီဒီယာဆိုင်ရာ အကြီးအကဲများက အမှာစကားပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီးက ယနေ့ခေတ်တွင် အဆင့်မြင့်ခေတ်မီ နည်းပညာများ တိုးတက်ထွန်းကားလာသည်နှင့်အညီ မီဒီယာကဏ္ဍ၏ တိုးတက်ပြောင်းလဲမှုများကလည်း တစ်နေ့တခြား မြင့်မားလာနေသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ ယခုအခါတွင် AI နည်းပညာသည် အင်ငြင်းပွားဖွယ်ရှိရှိ၊ ထိရောက်စွာအသုံးချနိုင်ရန်၊ တူညီသည့် စည်းမျဉ်းများနှင့် အညီ အသုံးပြုနိုင်ရန်၊ Digital Divide ဟုခေါ်သည့် နည်းပညာကွာဟမှုများ ကျဉ်းမြောင်းစေရန်နှင့် Global South ဒေသနိုင်ငံများ အကြား ပူးပေါင်းဆောင်ရွက်ရန်သည် အလွန်အရေးကြီးသည်ဟု မြင်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့တောင်ပိုင်းနိုင်ငံများမှ မီဒီယာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို အခိုင်အမာတည်ဆောက်လိုပါကြောင်းနှင့် ယခုဖိုရမ်မှ တစ်ဆင့်လည်း အသစ်အသစ်သော အပြန်အလှန်ဆက်ဆံရေးများ ဆက်လက်ဖော်ဆောင်သွားလိုပါကြောင်း၊ ကမ္ဘာတစ်နန်းဖြစ်ပေါ် ရင်ဆိုင်နေကြရသည့် သတင်းတု / သတင်းမှားများကို ပူးပေါင်းတိုက်ဖျက်ပြီး နိုင်ငံအချင်းချင်းနှင့် ပြည်သူများအကြား သတင်းမှန်များ ပျံ့နှံ့စေရေး အပြန်အလှန် နားလည်မှုနှင့် သဘောပေါက်မှုများ တိုးပွားပြီး ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတည်ဆောက်နိုင်ကာ ငြိမ်းချမ်းသာယာသည့် ကမ္ဘာကြီးကို ဖော်ဆောင်ကြရာတွင် ကမ္ဘာ့တောင်ပိုင်းနိုင်ငံများ၏ ပူးပေါင်းစုစည်းမှုအင်အားဖြင့် ပိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တရုတ်နိုင်ငံ ပြန်ကြားရေးဝန်ကြီး မစ္စ ဒီန်းယန့်တို့က "သတင်းမီဒီယာ နယ်ပယ် ပူးပေါင်းဆောင်ရွက်ရေး ကနဦး အဆိုပြုလွှာ" (LOI) ကို လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် MRTV & (ယူနန်မီဒီယာဂရု) YMG တို့ အပါအဝင် ဌာန/အဖွဲ့အစည်း (၆)ခုတို့က မီဒီယာပူးပေါင်းဆောင်ရွက်မှု သဘောတူညီမှု အခမ်းအနားအား Video Wall တွင် လက်ဖြင့် ထိ၍ အတည်ပြု / မှတ်တမ်းတင်ကြသည်။

ညနေပိုင်းတွင် ယူနန်-မြန်မာ သတင်း ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ လုပ်ငန်းတွေ့ဆုံပွဲကို ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အဖွဲ့ဝင်များ၊ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ပါတီကော်မတီ အမြတမ်းကော်မတီဝင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စ ဒီန်းယန့်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။ (ဝဲပုံ)

တွေ့ဆုံစဉ် ယူနန်ပြည်နယ်နှင့် မြန်မာမီဒီယာများအကြား သတင်းပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများ၊ သတင်းအချက်အလက်များ လျင်မြန်စွာဖလှယ်နိုင်ရေး၊ ရုပ်သံထုတ်လွှင့်ခြင်းဆိုင်ရာနည်းပညာမျှဝေရေး၊ ပုံနှိပ်မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကိစ္စရပ်များကို အပြန်အလှန် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် တရုတ်-မြန်မာ နှစ်နိုင်ငံ ပြန်ကြားရေးဝန်ကြီးများက အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

သတင်းစဉ်

** ကျောဖုံးမှ*

ပရိသတ်မပါဘဲ ကွင်းပိတ်ခြေစမ်းပွဲအဖြစ် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနှင့် စင်ကာပူလက်ရွေးစင်အသင်းသည် ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၄ ရက်တွင် စင်ကာပူနိုင်ငံ၌ ခြေစမ်းပွဲ ကစားပြီးနောက် ၁၀ လအကြာတွင် ခြေစမ်းပွဲထပ်မံ ကစားခြင်းဖြစ်သည်။

ယင်းနှစ်သင်းစလုံးသည် ၂၀၂၇ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ ယှဉ်ပြိုင်နေသည့်အသင်းများဖြစ်ပြီး စက်တင်ဘာတွင် ခြေစစ်ပွဲကစားရန် မရှိသဖြင့် ခြေစမ်းပွဲကစားခြင်းဖြစ်သည်။ စင်ကာပူ လက်ရွေးစင်အသင်းသည် မြန်မာအသင်းနှင့်မတိုင်မီ စက်တင်ဘာ ၄ ရက်တွင် မလေးရှားလက်ရွေးစင် အသင်းနှင့် မလေးရှားနိုင်ငံ၌ ခြေစမ်းပွဲကစားမည် ဖြစ်ပြီး မြန်မာအသင်းမှာမူ တစ်ပွဲသာ ကစားမည် ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အာရှ ဖလား တတိယအဆင့်ခြေစစ်ပွဲတွင် နှစ်ပွဲကစား နှစ်ပွဲအနိုင်ရထားပြီး အောက်တိုဘာတွင် ဆီးရီးယား အသင်းနှင့် နှစ်ကျော့ကစားရမည်ဖြစ်သည်။

မောင်ညီ၊ ဓာတ်ပုံ-MFF

လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူးရာထူးအတွက် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)မှ လျှောက်ထားကြသူများ အင်္ဂလိပ်စာရေးဖြေစာမေးပွဲဖြေဆိုနေမှု ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် စက်တင်ဘာ ၆

လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူး ရာထူးအတွက် တိုင်းဒေသကြီး /ပြည်နယ်များရှိ သတ်မှတ်နေရာအသီးသီး၌ အင်္ဂလိပ်စာရေးဖြေစာမေးပွဲများ တစ်ပြိုင်တည်းကျင်းပပြီး ပြည်ထောင်စုနယ်မြေ(နေပြည်တော်) တွင် စာမေးပွဲကို ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက အဆိုပါစာမေးပွဲ ကျင်းပရာသို့ သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၌ အင်္ဂလိပ်စာရေးဖြေစာမေးပွဲကျင်းပနေမှုကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တစ်နေရာတည်းမှ ကြည့်ရှုကြပ်မတ်ဆောင်ရွက်နိုင်ရေးအတွက် ကျောင်းခန်းမနားနေဆောင်အတွင်း စီစဉ်ထားရှိသည့် နေရာမှ ပြည်ထောင်စုဝန်ကြီးက စာမေးပွဲဖြေဆိုသူများ စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေး အလေးထားဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည်များ ညွှန်ကြားဆောင်ရွက်ပေးသည်။

ဝန်ကြီးဌာနတွင် လစ်လပ်လျက်ရှိသည့် လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူးရာထူးအတွက် အမျိုးသား/ အမျိုးသမီးဝန်ထမ်း စုစုပေါင်း ၁၅၀ ခန့်ထားနိုင်ရေးအတွက် သတ်မှတ်ချက်နှင့်အညီ လျှောက်ထားသူများကို အင်္ဂလိပ်စာရေးဖြေစာမေးပွဲကို ယနေ့ကျင်းပခြင်းဖြစ်ပြီး ပြည်ထောင်စုနယ်မြေ(နေပြည်တော်) အနေဖြင့် အမျိုးသား ၈၃ ဦး၊ အမျိုးသမီး ၅၀ စုစုပေါင်း ၁၃၃ ဦး ဖြေဆိုခဲ့ကြကြောင်းနှင့် အဆိုပါအင်္ဂလိပ်စာရေးဖြေစာမေးပွဲ ဖြေဆိုအောင်မြင်သူများကို ကွန်ပျူတာစစ်ဆေးခြင်းနှင့် လူတွေ့နှုတ်ဖြေစစ်ဆေးခြင်းတို့ကို မကြာမီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကာ စစ်ဆေးမှု အောင်မြင်သူများကို လက်ထောက်လူဝင်မှု ကြီးကြပ်ရေးမှူး ရာထူးဖြင့် ဝန်ထမ်းအဖြစ် ခန့်ထားရေးလုပ်ငန်းစဉ်အတွင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မုံရွာမြို့ ကွေ့ကြီးရပ်ကွက်ရှိ အမှတ် (၂၅)အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

မုံရွာ စက်တင်ဘာ ၆

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများ၊ မုံရွာခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ ကွေ့ကြီးရပ်ကွက်ရှိ အမှတ်(၂၅) အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ဝင်းအတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် ဝန်ထမ်းများနှင့် ဆရာ ဆရာမများကို တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့မှ စားသုံးဆီများ၊ ဆန်များနှင့်ဟင်းသီးဟင်းရွက်များအား ဈေးနှုန်းသက်စွာဖြင့် ရောင်းချပေးနေမှုများကို ကြည့်ရှုအားပေးပြီး သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသူများကို နံနက်စာများဖြင့် ဧည့်ခံကျွေးမွေးကာ ကျောင်းသားမိဘများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ဌာနဆိုင်ရာများမှ ကျောက္ကာလစ်မုံရွာ တက္ကသိုလ်မှ ပြည်ထောင်စုလမ်းအထိ လမ်းဘေးဝဲ/ယာရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် လုပ်ငန်းများဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်

နေပြည်တော် စက်တင်ဘာ ၆

ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ စည်ပင်သာယာပန်းခြံ၌ စုပေါင်းသန့်ရှင်းရေး ပြုလုပ်သည်။

ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှ ပြည်နယ်ရဲတပ်ဖွဲ့မှူး ဦးဆောင်၍ တပ်ဖွဲ့ဝင် ၁၈၅ ဦး၊ စာရေးဝန်ထမ်းသုံးဦး စုစုပေါင်း ၁၈၈ ဦးတို့သည် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက် ၇ နာရီမှ ၉ နာရီခွဲအထိ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိပြည်သူလူထုအပန်းဖြေနားနေသည့် စည်ပင်သာယာပန်းခြံ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် ကျော်ကျော်ဟန်နှင့် ၎င်း၏နီးနီးတို့က လက်ဖက်ရည်၊ ကောက်ညှင်းပေါင်းနှင့် အကြော်၊ ရောသန့်တို့ဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။

သတင်းစဉ်

(၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၆ ရက်နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကျော်ထွန်းနှင့် တပ်ဖွဲ့ဝင်များ ပုသိမ်မြို့ အမှတ် (၈) ရပ်ကွက်ရှိ တဂေါင်းမင်္ဂလာစေတီတော် ပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူး ကြီး ခန့်မွန်ဆွေ လာရောက်ကြည့်ရှုအားပေးစဉ်။ ပုသိမ်လှကြည်

ကမ္ဘာ့ကန်နာ ၁၁ မှ

အသေးစိတ်ဆွေးနွေးနိုင်ခဲ့တယ်။ ဒါတွေဟာ ဂုဏ်ယူဖွယ်ရာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံအတွက် အဓိကလိုအပ်နေတဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်တဲ့ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ IT ကဏ္ဍ၊ ကုန်သွယ်ပို့ဆောင်ရေးကဏ္ဍ ဒီကဏ္ဍတွေအားလုံးကို ဆွေးနွေးနိုင်ခဲ့ပါတယ်။ သွားရောက်ကြည့်ရှုနိုင်ခဲ့တယ်။ ဒါဒီခရီးစဉ်ရဲ့ အောင်မြင်မှု ဖြစ်ပါတယ်။ ယာယီသမ္မတ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒီခရီးစဉ်မှာပြောခဲ့တဲ့ စကားနဲ့ပြောရရင် အကောင်းဆုံးလုပ်နိုင်ခဲ့တယ်။ ဒုံထက်ပိုကောင်းအောင်လုပ်နိုင်ခဲ့တယ်။ အကောင်းဆုံးဖြစ်ခဲ့တယ်လို့ပဲ ဒီလိုမျိုး ကျွန်တော်အနှစ်ချုပ် ပြောချင်ပါတယ်။ မြန်မာနိုင်ငံသားတွေအတွက် လိုအပ်တာကတော့ အခုခရီးစဉ်မှာ အသိပေးချင်တာက ကျွန်တော်တို့နိုင်ငံ ကျွန်တော်တို့လူမျိုးသည် ကမ္ဘာမှာ ပြန်လည်ပြီးတော့ သိက္ခာရှိတဲ့ အဆင့်အတန်းကို ရပ်တည်နိုင်ပါပြီ။ ပိုပြီးတော့ သိက္ခာရှိတဲ့၊ ပိုပြီးတော့ ဗြိမ်းချမ်းသာယာမယ့်နေရာကို ကျွန်တော်တို့ လျှောက်လှမ်းဖို့ လိုတယ်။ တည်ငြိမ်အေးချမ်းဖို့ အားလုံးက ပိုင်းဝန်းပုံပိုးဖို့ လိုတယ်။ မကြာမီမှာ ကျင်းပတော့မယ့် ရွေးကောက်ပွဲမှာ ကျွန်တော်တို့ အားလုံးအနေနဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ပြန်လည်ပြီး အသက်သွင်း၊ ပြန်လည်ပြီး အပြည့်အဝ အကောင်အထည်ဖော်ဖို့ အားလုံးက ပိုင်းဝန်းကြိုးစားဖို့ လိုတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

မေး။ ။ ဒေါ်အောင်ဆန်းစုကြည် ကျန်းမာရေးနဲ့ ပတ်သက်ပြီး ဘယ်လို အခြေအနေရှိပါသလဲဗျာ။

ဖြေ။ ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ ပတ်သက်ပြီး ကျန်းမာရေးကောင်းပါတယ်။ ကျွန်တော်တို့ တရုတ်နိုင်ငံရောက်တဲ့အချိန်မှာ အချိန်ကိုက်ပဲ SCO အစည်းအဝေးပြီးသွားတဲ့အချိန်၊ တရုတ်ပြည်သူများ ၈၀ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အခမ်းအနားပြီးသွားတဲ့အချိန်မှာ မိဒီယာတွေ တော်တော်များများ မြန်မာခေါင်းဆောင်တက်ရောက်တဲ့ဟာတွေ၊ မြန်မာခေါင်းဆောင်ရဲ့ လုပ်ဆောင်ချက်တွေ ပေါ်လာတယ်။ ပေါ်လာတဲ့အချိန်မှာ တစ်ဖက်က ဒီသတင်းကို လွှမ်းမိုးဖို့အတွက် လုပ်ကြံတဲ့သတင်း တစ်ခုကို ထုတ်လိုက်တာဖြစ်ပါတယ်။ သို့သော် သူတို့ပြောတဲ့ဟာတွေ မအောင်မြင်ပါဘူး။ ဒီသတင်းကို လွှမ်းမိုးဖို့ လုပ်ကြံတယ်ဆိုပေမယ့် ကျွန်တော်တို့လည်း အချိန်မီဖြေရှင်းခဲ့ပါတယ်။ အခုဒီဒီယာတွေ ရှေ့မှာ အတိအလင်းပြောပါမယ်။ ဒီသတင်းသည် သတင်းတု သတင်းမှားဖြစ်ပါတယ်။ လုပ်ကြံတဲ့သတင်း တစ်ခုဖြစ်ပါတယ်။ ဒီခရီးစဉ်ကို မေးမှိန်လိုတဲ့အတွက် ကျွန်တော်တို့မြန်မာနိုင်ငံကို မလိုလားတဲ့၊ ကျွန်တော်တို့ တိုးတက်မှာကို မလိုလားတဲ့ လူတွေက ထုတ်လွှင့်တဲ့ ထုတ်လွှင့်ချက်ဖြစ်ပါတယ်။

သတင်းစဉ်

အကြမ်းဖက်သမားများ ခေတ္တစိုးမိုးထားသည့် နယ်မြေခံတပ်ရင်းများအား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံကို တွေ့ရစဉ်။

KNU အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ကော့ကရိတ်-သင်္ဃန်းညီနောင်-မြဝတီ အာရှလမ်းမကြီးအား တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်ခဲ့မှု မြေပုံကိုတွေ့ရစဉ်။

■ *ကျောပိုးမှ*

ထိုသို့ လုပ်ဆောင်ရာတွင် KNU၊ KNLA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဦးစွာ ပြည်တွင်းမှ နိုင်ငံရေးအရောင်ဆိုးခံရခြင်းအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ကရင်ပြည်နယ်နှင့် ထိုင်းနိုင်ငံနယ်စပ်အနီးသို့ ထွက်ပြေးရောက်ရှိလာသည့် ကျောင်းသားလူငယ်များ၊ DCS ပြုလုပ်လာသည့် ဝန်ထမ်းများအားနိုင်ငံရေး၊ စစ်ရေးမက်လုံးများ ပေးလျက် အစွန်းရောက်သွေးကြွစေပြီး အဆိုပါလူငယ်များအား အကြမ်းဖက်သင်ခန်းစာသင်ကြားပေးခြင်း၊ လက်နက်တပ်ဆင်ပေးခြင်းကိုပြုလုပ်၍ တပ်မတော်အားနိုင်ငံရေးမှ အပြီးအတိုင်း ထွက်ခွာစေရန်နှင့် ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရန် စသည့် မက်လုံးပေးခြင်း၊ စည်းရုံးခြင်းဖြင့် KNU၊ KNLA အကြမ်းဖက်အဖွဲ့၏ အင်အားတိုးပွား တောင့်တင်းခိုင်မာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ယင်းနောက် KNU၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် ၂၀၂၁ ခုနှစ်၊ မတ်လမှစ၍ ကရင်ပြည်နယ် သံလွင်မြစ်အနီးရှိ တပ်မတော်မှ စစ်ဆင်ရေးနှင့် နယ်မြေစိုးမိုးရေး တာဝန်ယူထားသည့် တပ်စခန်းကြီးများအား ၎င်းတို့ လေ့ကျင့်သင်ကြားပေးထားသည့် PDF အမည်ခံ အကြမ်းဖက်သမားများကို ရှေ့ကာအသေခံတပ်အဖြစ် အသုံးချပြီး အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခြင်းများ စတင်လုပ်ဆောင်ခဲ့ပြီး ၂၀၂၄ ခုနှစ်၊ မတ်လ ၇ ရက်နေ့မှ ဧပြီလ ၅ ရက်နေ့အထိ ၂၈ ရက်ကြာ သင်္ဃန်းညီနောင်နှင့် မြဝတီဒေသရှိ နယ်မြေခံ တပ်ရင်း/ တပ်ဖွဲ့များနှင့် ရှေ့တန်းစခန်းဌာနချုပ်များအား အင်အားအလုံးအရင်းဖြင့် အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ မြဝတီဒေသရှိ တပ်မတော်သားများ၊ နယ်ခြားစောင့်တပ်များက ရွပ်ရွပ်ချွန်ချွန် ပြန်လည်ခုခံတိုက်ခိုက်ခဲ့၍ မြဝတီမြို့အနေဖြင့် ထိခိုက်ဆုံးရှုံးမှု မရှိသော်လည်း သင်္ဃန်းညီနောင် တပ်နယ်အတွင်းရှိ အရာရှိ၊ စစ်သည်အချို့ ကျဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှုများ များလာခြင်း၊ မိသားစုဝင်များ ထိခိုက်သေဆုံးမှုရှိလာခြင်းနှင့် အချိုးမညီ အကြမ်းဖက် သောင်းကျန်းသူများ၏ အင်အားစုများကြောင့် သင်္ဃန်းညီနောင် တပ်နယ်အား ခေတ္တလက်လွတ်ခဲ့ရသည်။

အကြမ်းဖက်သမားများ ခေတ္တစိုးမိုးထားသည့် နေရာများအား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

အကြမ်းဖက်သမားများ ခေတ္တစိုးမိုးထားသည့် နယ်မြေခံတပ်ရင်းများအား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံကို တွေ့ရစဉ်။

အလားတူ KNU၊ KNLA အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ကော့ကရိတ်မြို့အား သိမ်းပိုက်နိုင်ရေး ကော့ကရိတ်မြို့နှင့် နယ်မြေခံတပ်ဌာနချုပ်များအား အပြီးအပိုင် သိမ်းပိုက်ရန်အတွက် ၂၀၂၄ ခုနှစ်၊ ဧပြီလဆန်းပိုင်းမှစ၍ အချိုးမညီ အင်အားစုများဖြင့် စစ်ကြောင်း ၂ ကြောင်းခွဲ၍ ကော့ကရိတ်မြို့ အတွင်းသို့ ဝင်ရောက်နိုင်ရေး ဆောင်ရွက်ခဲ့သည့်အပြင် အဝေးမှနေ၍ လက်နက်ကြီးများဖြင့် မြို့တွင်းသို့ ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းများက ကော့ကရိတ်မြို့နှင့် နယ်မြေခံတပ်ရင်း ဌာနချုပ်များ ရန်သူ့လက်တွင်းသို့ ကျရောက်မှု မရှိစေရေးအတွက် ရွပ်ရွပ်ချွန်ချွန် မြို့တွင်း ခုခံစစ်မှ တန်ပြန်တိုက်စစ်ဖြင့် တိုက်ခိုက်ခဲ့ရာ အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် ကော့ကရိတ်မြို့အား သိမ်းပိုက်နိုင်ခြင်းမရှိဘဲ ထိခိုက်ကျဆုံးများစွာဖြင့် ပထမအကြိမ် ဖရိဖရဲ ဆုတ်ခွာထွက်ပြေးသွားခဲ့ရသည်။

တပ်မတော်စစ်ကြောင်းများ အနေဖြင့် အောင်မြေချဲ့ထွင်ရန်နှင့် အကြမ်းဖက် သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် သင်္ဃန်းညီနောင်အား ပြန်လည်ထိန်းချုပ်နိုင်ရေးအတွက် ၂၀၂၄ ခုနှစ်၊ ဧပြီလ ၇ ရက်မှစ၍ အောင်ဧေယျ စစ်ကြောင်းဖြင့် စစ်ကြောင်းများခွဲ၍ နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင်လည်း ရာသီဥတုနှင့် မြေအနေအထား ကန့်သတ်ချက်များကြောင့် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလတွင် ကော့ကရိတ်မြို့နှင့် သင်္ဃန်းညီနောင်ကြားရှိ ဒေသအခေါ် ရင်ကွဲတောင်အနီး တစ်ဝိုက် ထိုးစစ်အား ခေတ္တရပ်တန့်ကာ လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ခဲ့ရသည်။

ထိုသို့ တပ်မတော်စစ်ကြောင်းများ၏ ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်နေမှုအပေါ် အခွင့်ကောင်းယူ၍ KNU အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ၎င်းတို့၏ စစ်ရေးရည်မှန်းချက် ပြန်လည်အကောင်အထည်ဖော်ရန်အတွက် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွင် အဓိကအချက်အချာကျသည့် ဘားအံ – ကော့ကရိတ် – မြဝတီ အာရှလမ်းမကြီးနှင့် ကျုံဒိုးမြို့နှင့် ကော့ကရိတ်မြို့အား အပြီးအပိုင် သိမ်းပိုက်နိုင်ရေး ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၃ ရက်မှစ၍ သာလွန်အင်အားများအသုံးပြုပြီး လမ်းကြောင်း ၅ ကြောင်းဖြင့် ဒုတိယအကြိမ် ထပ်မံဝင်ရောက်လာပြီး ကျုံဒိုးနှင့် ကော့ကရိတ်ကြား အာရှလမ်းမကြီးအား ပိတ်ဆို့ဖြတ်တောက်၍ ကော့ကရိတ်မြို့နှင့် ကျုံဒိုးမြို့အား အပြင်းအထန် ထပ်မံတိုက်ခိုက်လာခဲ့ရာ တပ်မတော်စစ်ကြောင်းများက တပ်မတော်၏အစဉ်အလာ ကောင်းများနှင့်အညီ တုံးတိုက်တိုက် ကျားကိုက်ကိုက် စိတ်ဓာတ်ဖြင့် အကြမ်းဖက်သောင်းကျန်းသူများကို ခုခံတိုက်ခိုက်ချေမှုန်းခဲ့မှုကြောင့် ၎င်းတို့၏ စစ်ရေး ရည်မှန်းချက်များကို တစ်ခုပြီးတစ်ခု ရိုက်ချိုးနိုင်ခဲ့ပြီး ကျုံဒိုး-ကော့ကရိတ် လမ်းကြောင်း တစ်လျှောက်အား ဇူလိုင်လ ၂၄ ရက်နေ့တွင် တပ်မတော်က ပြန်လည်ထိန်းချုပ် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

စာမျက်နှာ ၁၅ သို့

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် မြန်မာလက်ရွေးစင် ယူ-၂၃ အမျိုးသားအသင်းနှင့် ဂျပန်လက်ရွေးစင် ယူ -၂၃ အမျိုးသားအသင်းတို့၏ ၂၀၂၆ ယူ- ၂၃ အာရှဖလား ခြေစစ်ပွဲစဉ် ယှဉ်ပြိုင်နေမှုကြည့်ရှုအားပေး

ရန်ကုန် စက်တင်ဘာ ၆

မြန်မာလက်ရွေးစင် ယူ-၂၃ အမျိုးသားအသင်းနှင့် ဂျပန်လက်ရွေးစင် ယူ-၂၃ အမျိုးသားအသင်းတို့၏ ၂၀၂၆ ယူ-၂၃ အာရှဖလား ခြေစစ်ပွဲစဉ်ကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပသည်။

အဆိုပါပွဲစဉ်ကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများနှင့် ပရိသတ်များက ကြည့်ရှုအားပေးကြရာ ပွဲပြီးဆုံးချိန်တွင် မြန်မာလက်ရွေးစင် ယူ-၂၃ အမျိုးသားအသင်းက တစ်ဂိုးနှင့် ဂျပန်လက်ရွေးစင် ယူ-၂၃ အမျိုးသားအသင်းက နှစ်ဂိုးဖြင့် ဂျပန်လက်ရွေးစင်အသင်းက အနိုင်ရရှိသွားသည်။

မြန်မာလက်ရွေးစင် ယူ-၂၃ အမျိုးသားအသင်းသည် ၂၀၂၆ ယူ-၂၃ အာရှဖလား ခြေစစ်ပွဲစဉ် အုပ်စု(ခ)တွင် ကူဝိတ်၊ ဂျပန်၊ အာဖဂန်နစ္စတန်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး နှစ်ပွဲကစားအပြီး ရမှတ်တစ်မှတ်ရရှိထားကာ စက်တင်ဘာ ၉ ရက်တွင် အာဖဂန်နစ္စတန်လက်ရွေးစင် ယူ-၂၃ အမျိုးသားအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။ **ဇွဲထက်ကို(ပြန်/ဆက်)**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်တွင် (၆၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၆ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးမင်းဦး ဦးဆောင်၍ တပ်ဖွဲ့ဝင် ၃၃ ဦးဖြင့် ရွှေတောင်ဦးစုမ့ဲမိန်းစေတီတော်ဝန်းကျင်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

❑ *ကျောဖုံးမှ*

၆၈ မိနစ်တွင် ပါတိုတို့က အနိုင်ဂိုးများ သွင်းယူခဲ့သည်။ တက္ကသိုလ်ကွင်း၌ ကျင်းပသည့်ပွဲတွင် တက္ကသိုလ်အသင်းက Glory Goal အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ တက္ကသိုလ်အသင်းသည် ပွဲအစ ၁၈ မိနစ်တွင် အောင်မြင့်မြတ်သွင်းယူသည့် ပယ်နယ်တီလက်နက်၊ ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။ တပ်မတော်မှ အရာရှိ၊ စစ်သည် အချို့ နိုင်ငံအတွက် မြင့်မြတ်စွာ အသက်ပေးလှူခဲ့ကြပြီး အချို့မှာ ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် အဆိုပါ ကော့ကရိတ်-သၿမ်နှီးညီနောင်-မြဝတီ အာရှလမ်းမကြီး တစ်လျှောက် ခေတ္တထိန်းချုပ်ထားစဉ် အဖျက်အမှောင့်လုပ်ငန်းများအား နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်ခဲ့ပြီး မော်တော်ယာဉ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ကားလမ်းများပေါ်၌ သစ်ပင်သစ်ကိုင်းများဖြင့် ကန့်လန့်ဖြတ်ပိတ်ဆို့ခြင်း၊ အခြားလမ်း၊ တံတားများအား မိုင်းခွဲဖျက်ဆီးခြင်းများ လုပ်ဆောင်ခဲ့ကြောင်း တွေ့ရှိရသည်။

တပ်မတော်စစ်ကြောင်းများ အနေဖြင့် အဆိုပါ ပြည်ထောင်စုလမ်းမကြီး ဖွင့်လှစ်ပြီး နယ်စပ်ကုန်စည်စီးဆင်းမှု အမြန်ဆုံးပြန်လည်ဆောင်ရွက်နိုင်ရေးနှင့် အဆိုပါ လမ်းမကြီးတစ်လျှောက်တွင် ဒေသခံပြည်သူများ၊ ခရီးသွားပြည်သူများ၊ ကုန်စည်ပို့ဆောင်သည့် မော်တော်ယာဉ်များ၊ ခရီးသွားမော်တော်ယာဉ်များ ဘေးကင်းစွာဖြင့် ပုံမှန်အတိုင်းပြန်လည်သွားလာနိုင်ရေးအတွက် နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

တပ်မတော်က အဆိုပါ ကော့ကရိတ်-သၿမ်နှီးညီနောင်-မြဝတီ အာရှလမ်းမကြီးအား ပြန်လည်ထိန်းချုပ်ပေးနိုင်ခဲ့သည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ၎င်းတို့၏ လူမှုစီးပွားဘဝများ ပြန်လည်ဆောင်ရွက်နိုင်တော့မည်ဖြစ်သည့်အတွက် တပ်မတော်အပေါ် အထူးပင် ကျေးဇူးတင်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

စာမျက်နှာ ၁၄ မှ

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူများ၏ စစ်ရေးရည်မှန်းချက်များအား တစ်ဆင့်ပြီးတစ်ဆင့် ရိုက်ချိုးနိုင်ခဲ့ပြီး တပ်မတော်အနေဖြင့် စစ်ရေးအရှိန်အား တိုးမြှင့်ကာ အဆိုပါအကြမ်းဖက်သောင်းကျန်းသူများ ထိန်းချုပ်ထားသည့် ကော့ကရိတ်-မြဝတီ အာရှလမ်းမကြီး တစ်လျှောက် ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရေး၊ အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တစိုးမိုးထားသည့် သၿမ်နှီးညီနောင်အား ပြန်လည်သိမ်းပိုက်နိုင်ရေးအတွက် စနစ်တကျ ပြင်ဆင်စုဖွဲ့ကာ ကော့ကရိတ်မှ သၿမ်နှီးညီနောင်အထိ စစ်ကြောင်း ၄ ကြောင်းဖြင့် လည်းကောင်း၊ မြဝတီမှ သၿမ်နှီးညီနောင်သို့ စစ်ကြောင်း ၁ ကြောင်းဖြင့် လည်းကောင်း၊ စစ်ကြောင်းများ ခွဲကာ ၂၀၂၅ ခုနှစ်၊ သြဂုတ်လ ၂၈ ရက်မှစ၍ အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး(Counter- Terrorism Operation)ဖြင့် ဟန်ချက်ညီဖြင့် အကြမ်းဖက် သမားများအား တစ်ဆင့်ပြီးတစ်ဆင့် လိုက်လံတိုက်ခိုက်ချေမှုန်းခဲ့ရာ ၁၀ ရက်အကြာ ယနေ့ မွန်းလွဲ ၁ နာရီတွင် သၿမ်နှီးညီနောင် တပ်နယ်အားလုံးအား တပ်မတော်စစ်ကြောင်းများက ပြန်လည်တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပြီး ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏အဓိကကုန်စည်စီးဆင်းရာ လမ်းမကြီးပေါ်တွင်ရှိသည့် ကော့ကရိတ်- သၿမ်နှီးညီနောင်-မြဝတီ အာရှလမ်းမကြီး တစ်လျှောက်အား ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

တပ်မတော်အနေဖြင့် ကော့ကရိတ်-သၿမ်နှီးညီနောင်-မြဝတီ အာရှလမ်းမကြီးအား ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် KNU အကြမ်းဖက်သောင်းကျန်းသူများ၏ စိတ်ကူးယဉ်အိပ်မက်ဖြစ်သော မြဝတီမြို့၊ ကော့ကရိတ်မြို့နှင့် ဘားအံမြို့တို့အား သိမ်းပိုက်ကာ သီးခြားလွတ်လပ်သော ကော်သူလေးပြည်နယ်နှင့် ကော်သူလေး အစိုးရထူထောင်ရေးအိပ်မက်အား အပြီးတိုင် ရိုက်ချိုးဖျက်ဆီးနိုင်ခဲ့သည်။

အဆိုပါ ကော့ကရိတ်-သၿမ်နှီးညီနောင်-မြဝတီ အာရှလမ်းမကြီးအား ပြန်လည်ထိန်းချုပ်နိုင်ရေးနှင့် အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တစိုးမိုးထားသည့် သၿမ်နှီးညီနောင်မြို့အား ပြန်လည်ထိန်းချုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် စစ်ဆင်ရေးကာလ တစ်နှစ်ကျော် ကာလအတွင်း အကြမ်းဖက်သောင်းကျန်းသူများ နှင့် တိုက်ပွဲကြီး/ငယ် ၃၈၂ ကြိမ် ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများထံမှ အလောင်း ၆၃ လောင်း၊ လက်နက်မျိုးစုံ ၅၇ မျိုးအနေဖြင့် အဆိုပါ ကော့ကရိတ်-သၿမ်နှီးညီနောင်-မြဝတီ အာရှလမ်းမကြီး တစ်လျှောက် ခေတ္တထိန်းချုပ်ထားစဉ် အဖျက်အမှောင့်လုပ်ငန်းများအား နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်ခဲ့ပြီး မော်တော်ယာဉ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ကားလမ်းများပေါ်၌ သစ်ပင်သစ်ကိုင်းများဖြင့် ကန့်လန့်ဖြတ်ပိတ်ဆို့ခြင်း၊ အခြားလမ်း၊ တံတားများအား မိုင်းခွဲဖျက်ဆီးခြင်းများ လုပ်ဆောင်ခဲ့ကြောင်း တွေ့ရှိရသည်။

အကြမ်းဖက်သမားများ ခေတ္တစိုးမိုးထားသည့် နေရာများအား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

အကြမ်းဖက်သမားများ ခေတ္တစိုးမိုးထားသည့် သၿမ်နှီးညီနောင်အား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

အကြမ်းဖက်သမားများ ခေတ္တစိုးမိုးထားသည့်နေရာများအား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

လူမှုဘဝပျော်ရွှင်ဖို့ စပျစ်သီးနှံစိုက်ပျိုးစို့

သိန်းလွင်

စိုက်ပျိုးရေးဟာ လူသားတို့အတွက် အဓိကလိုအပ်ချက်ဖြစ်တဲ့အပြင် စိတ်ပျော်ရွှင်မှုကိုလည်း ဖြစ်စေပါတယ်။ ပန်းအိုးလေးတစ်လုံးထဲမှာ စိုက်ထားတဲ့ အပင်ပေါက်လေး တစ်ပင်ကို နေ့စဉ်ရေလောင်းပြီး ရှင်သန်ကြီးထွားလာတာကို ကြည့်ရတဲ့အခါ ရရှိတဲ့ပျော်ရွှင်မှုက ဘာနဲ့မှ မလဲနိုင်အောင် တန်ဖိုးရှိပါတယ်။ ဒါဟာစိုက်ပျိုးခြင်းကနေ ရရှိနိုင်တဲ့ ရိုးရှင်းတဲ့ ပျော်ရွှင်မှုတွေထဲက တစ်ခုပါ။

ပျော်ရွှင်မှုများစွာရရှိနိုင်

လူတိုင်းနီးပါးဟာ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်နိုင်ပြီး အဲဒီလုပ်ငန်းကနေလည်း စိတ်ပိုင်းဆိုင်ရာ ပျော်ရွှင်မှုတွေအပြင် အကျိုးကျေးဇူးများစွာကို ရရှိနိုင်ပါတယ်။ လူအများစုက စိုက်ပျိုးရေးကို ကျေးလက်ဒေသတွေမှာ နေထိုင်သူတွေ ဒါမှမဟုတ် လယ်သမားတွေအတွက်သာ သီးသန့်လုပ်ငန်းလို့ ထင်တတ်ကြပါတယ်။ တကယ်တော့ စိုက်ပျိုးရေးဟာ လူတိုင်းနီးပါးလုပ်ကိုင်နိုင်ပြီး ရရှိလာတဲ့အကျိုးကျေးဇူးတွေကလည်း များပြားလုပါတယ်။ စိုက်ပျိုးရေးက ကိုယ့်ကိုယ်ကိုယ် အမှီအခိုကင်းစွာ ရပ်တည်နိုင်ဖို့အတွက်သာမက စိတ်ပိုင်းဆိုင်ရာကျန်းမာရေးအတွက်လည်း အထူးကောင်းမွန်တဲ့ နည်းလမ်းတစ်ခုဖြစ်ပါတယ်။

ဒါ့အပြင် စိုက်ပျိုးခြင်းဟာလည်း ကိုယ့်ကိုယ်ကိုယ် ပျော်ရွှင်အောင်ထိန်းထားနိုင်တဲ့ နည်းလမ်းကောင်းတစ်ခု ဖြစ်ပါတယ်။ မျိုးစေ့လေးတွေချပြီး မြေကြီးထဲ စိုက်လိုက်ရတဲ့အခါမျိုးမှာ ကိုယ်တိုင်ဘဝကို ပုံဖော်ဖန်တီးလိုက်ရသလို ခံစားရတဲ့အပြင် အပင်တွေ ကြီးထွားလာတာကို နေ့စဉ်စောင့်ကြည့်ရတဲ့အခါ ကိုယ်တိုင်ဘဝကို ဖန်တီးနေရသလိုခံစားရပြီး ကိုယ့်ရဲ့ ကြိုးစားအားထုတ်မှုတွေအတွက် ပီတိဖြစ်ရပါတယ်။

ပန်းပင်ဖြစ်ဖြစ်၊ ဟင်းသီးဟင်းရွက်ပင်ဖြစ်ဖြစ် ကိုယ်တိုင်စိုက်ပျိုးလိုက်တဲ့ အသီးအပွင့်တွေကို မြင်ရတဲ့အခါ ဘာနဲ့မမှတူတဲ့ ဂုဏ်ယူပီတိနဲ့ ကျေနပ်မှုကို ခံစားရစေပါတယ်။ ဒီပျော်ရွှင်မှုဟာ ကိုယ့်ရဲ့ ကြိုးစားအားထုတ်မှုနဲ့ တီထွင်ဖန်တီးနိုင်စွမ်းကို ပေါ်လွင်စေတဲ့ ရလဒ်ကောင်းတစ်ခုဖြစ်ပါတယ်။ မြေကြီးကိုကိုင်တွယ်ရတဲ့အခါ၊ ပင်ပေါက်လေးတွေကို ပြုစုပျိုးထောင်ရတဲ့အခါတွေမှာ စိတ်ဖိစီးမှုတွေ၊ ပူပင်သောကတွေ လျော့ပါးသက်သာသွားစေပါတယ်။ ပြီးတော့ စိမ်းစိုနေတဲ့ သဘာဝပတ်ဝန်းကျင်နဲ့ အတူရှိနေရတဲ့အတွက် စိတ်ကိုကြည်လင်လန်းဆန်းစေပါတယ်။ ဒါကြောင့် စိုက်ပျိုးခြင်းကို ရောဂါကုထုံးတစ်ခုအနေနဲ့တောင် အသုံးပြုနိုင်တယ်လို့ ဆိုကြပါတယ်။ စိတ်ပညာရှင်တွေရဲ့ လေ့လာချက်တွေအရ မြေကြီးမှာပါဝင်တဲ့ "Mycobacterium vaccae" ဆိုတဲ့ ဗက်တီးရီးယားပိုးဟာ ဦးနှောက်ကို sero-tonin ထုတ်ပေးဖို့ လှုံ့ဆော်ပေးနိုင်တာကြောင့် စိတ်ခံစားမှုကို ပိုမိုကောင်းမွန်စေပြီး ပျော်ရွှင်မှုကို ခံစားရစေတယ်လို့ ဆိုပါတယ်။

ဒီလို အကျိုးတရားတွေ ခံစားရရှိစေတဲ့ စိုက်ပျိုးခြင်းလုပ်ငန်းတွေထဲကမှ အထူးသဖြင့် စပျစ်သီးလို သီးနှံတွေကို စိုက်ပျိုးခြင်းဖြင့် စီးပွားရေးအကျိုးအမြတ်ရရှိရုံသာမက စိတ်ကျေနပ်ပျော်ရွှင်မှုနဲ့ သဘာဝအလှတရားတွေကိုပါ ခံစားရရှိစေနိုင်ပါတယ်။ စပျစ်စိုက်ပျိုးခြင်းဟာ ရေရှည်အတွက် အကျိုးအမြတ်များစွာ ရရှိစေနိုင်တဲ့ စိုက်ပျိုးရေးလုပ်ငန်းတစ်ခုဖြစ်ပါတယ်။ စိုက်ပျိုးတဲ့နည်းစနစ်အပေါ် မူတည်ပြီး ကုန်ကျစရိတ်နဲ့ ဝင်ငွေအခြေအနေတွေ ကွာခြားနိုင်တာကို တွေ့ရပါတယ်။

နှစ်စဉ်အမြတ်ငွေများ ရရှိစေနိုင်

စပျစ်စိုက်ပျိုးရာမှာ အဓိကအားဖြင့် ကိုင်းဖြတ်မျိုးပွားခြင်း (Cutting)နဲ့ ကိုင်းဆက်ခြင်း (Grafting) ဆိုပြီး နည်းလမ်းနှစ်မျိုးရှိပါတယ်။ ကိုင်းဖြတ်မျိုးပွားခြင်းနည်းစနစ်ဟာ စတင်ရင်းနှီးမြှုပ်နှံမှု ပမာဏ နည်းပြီး အမြတ်အစွန်းကို ပိုမိုမြန်မြန်ရရှိစေနိုင်ပါတယ်။ စတင်စိုက်ပျိုးတဲ့နှစ်မှာ တစ်ဧကအတွက် ကုန်ကျစရိတ်ဟာ ကျပ်သိန်း ၁၀၀ ခန့်ရှိပြီး ဒုတိယနှစ်မှာတော့ အသီးစတင်ထွက်ရှိလို့ ဝင်ငွေကျပ် ၃၆ သိန်းခန့် ရရှိနိုင်ပါတယ်။ တတိယနှစ်မှာ အထွက်နှုန်းပိုမိုတိုးတက်လာပြီး ဝင်ငွေကျပ် ၁၃၅ သိန်းခန့် ရရှိနိုင်ပါတယ်။ ကိုင်းဖြတ်မျိုးပွားခြင်းနည်းစနစ်နဲ့ စိုက်ပျိုးမယ်ဆိုရင် တတိယနှစ်မှာ အရင်းကျေပြီး နှစ်စဉ်အမြတ်ငွေများ ရရှိစေနိုင်ပါတယ်။

ကိုင်းဆက်ခြင်းနည်းစနစ်ဟာ အစပိုင်းမှာ ရင်းနှီးငွေ ပိုမိုကုန်ကျပေမယ့် ရေရှည်မှာတော့ အထွက်နှုန်းပိုမိုကောင်းမွန်ပြီး အကျိုးအမြတ် ပိုရနိုင်ပါတယ်။ ဒီနည်းစနစ်နဲ့ စိုက်ပျိုးရင် တတိယနှစ်မှာ အသီးစတင်ရရှိပြီး ဝင်ငွေကျပ် သိန်း၁၅၀ ခန့် ရရှိနိုင်ပါတယ်။ စတုတ္ထနှစ်မှာတော့ အပင်တွေ ပိုပြီးသန်မာလာတာကြောင့် အထွက်နှုန်း ပိုမိုတိုးလာနိုင်ပြီး ဝင်ငွေကျပ် ၁၆၅ သိန်းခန့် ရရှိနိုင်ပါတယ်။ ကိုင်းဆက်ခြင်းနည်းစနစ်နဲ့ စိုက်ပျိုးမယ်ဆိုရင် စတုတ္ထနှစ်မှသာ အရင်းကျေနိုင်ပေမယ့် အားသာချက်ကတော့ ကိုင်းဖြတ်မျိုးပွားခြင်းနည်းစနစ်ထက် အထွက်နှုန်း ပိုမိုကောင်းမွန်တာကြောင့် နှစ်ရှည်အမြတ်အစွန်း ပိုမိုရရှိနိုင်ပါတယ်။ ဒါကြောင့် စပျစ်စိုက်ပျိုးရေးလုပ်ငန်းဟာ အချိန်ယူပြီး စိုက်ပျိုးရတဲ့လုပ်ငန်းတစ်ခုဖြစ်ပေမယ့် စနစ်တကျစီမံခန့်ခွဲနိုင်ရင် ရေရှည်မှာရင်းနှီးမြှုပ်နှံမှုရဲ့ အကျိုးအမြတ်ကို အပြည့်အဝခံစားရမှာ ဖြစ်ပါတယ်။

လူသားတွေဟာ သဘာဝတရားနဲ့ ခွဲခြားလို့ မရပါဘူး။ စပျစ်ခြံတွေထဲ နေရောင်ခြည်နွေးနွေးအောက် လမ်းလျှောက်နေတဲ့အခါ စိမ်းစိုနေတဲ့ စပျစ်ရွက်တွေရဲ့အောက်မှာ တွဲလဲကျနေတဲ့ စပျစ်သီးခိုင်တွေဟာ သဘာဝရဲ့အလှတရားကို ပိုပြီးထင်ရှားစေပါတယ်။ စပျစ်စိုက်ပျိုးခြင်းဟာ ကိုယ်ခန္ဓာကို ကျန်းမာစေရုံသာမက စိတ်ကိုလည်းအေးချမ်းပျော်ရွှင်စေပါတယ်။ စပျစ်ပင်တွေကို ပျိုးထောင်စိုက်ပျိုးတဲ့အခါ အပင်လေးတွေကြီးထွားလာတာကို တွေ့မြင်ရတဲ့ပျော်ရွှင်မှုကနေအစပြုပြီး တစ်နေ့ထက်တစ်နေ့ အပင်တွေ ပိုပြီးသန်စွမ်းလာတာ၊ အကိုင်းအခက်တွေ ဖြာထွက်လာတာ၊ ပန်းပွင့်လေးတွေ ပွင့်လာတာ၊ နောက်ဆုံးမှာ စပျစ်သီးခိုင်လေးတွေ တွဲလဲကျပြီး တဖြည်းဖြည်းချင်း ကြီးရင့်ကာ အရောင်ပြောင်းလာတာကို တွေ့ရတဲ့အခါ စိုက်ပျိုးသူရဲ့စိတ်ထဲမှာ ပီတိတွေဖြစ်နေရပါတယ်။ ဒါဟာ ဘဝကို ဖန်တီးပုံဖော်နေရသလို ခံစားရပြီး ကိုယ့်ရဲ့ ကြိုးစားအားထုတ်မှုတွေ အရာထင်လာတာကို မျက်ဝါးထင်ထင်မြင်ရတဲ့ ပျော်ရွှင်မှုပဲဖြစ်ပါတယ်။

စီးပွားရေးတိုးတက်စေ

သဘာဝရဲ့ လက်ဆောင်တွေထဲမှာ စပျစ်သီးဟာ လူသားတို့ရဲ့နေ့စဉ်ဘဝနဲ့ အနီးကပ်ဆုံးဆက်စပ်နေတဲ့ အသီးတစ်မျိုးဖြစ်ပါတယ်။ စပျစ်သီးကို သာမန်စားသုံးဖို့အတွက်သာမကပဲ လူမှုရေး၊ ယဉ်ကျေးမှု၊ စီးပွားရေး စတဲ့ကဏ္ဍမျိုးစုံမှာ အရေးပါတဲ့အခန်းကဏ္ဍကနေ ထည့်သွင်းအသုံးပြုနေတာကို တွေ့ရပါတယ်။ စပျစ်သီးရဲ့သမိုင်းကြောင်းဟာ လူ့ယဉ်ကျေးမှု သမိုင်းနဲ့ ယှဉ်တွဲနေပြီး ရှေးခေတ်ကာလကတည်းက လူသားတွေရဲ့ နေထိုင်မှုပုံစံကို ပုံဖော်ပေးခဲ့ပါတယ်။ စပျစ်သီးမှာပါဝင်တဲ့ ဗီတာမင်၊ သတ္တုဓာတ်နဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေက ခန္ဓာကိုယ်ကို ကျန်းမာသန်စွမ်းစေပါတယ်။ စပျစ်သီးကို လတ်လတ်ဆတ်ဆတ်စားသုံးခြင်း၊ ဖျော်ရည် ဒါမှမဟုတ် စပျစ်သီးခြောက်အဖြစ် နေ့စဉ်စားသောက်မှုပုံစံထဲမှာ ထည့်သွင်းစားသုံးကြပါတယ်။ စပျစ်သီးကို သာမန်စားသုံးခြင်းကနေ ဖျော်ရည်၊ ယိုး၊ အချိုပွဲ စတဲ့ ပုံစံမျိုးစုံနဲ့ပြုလုပ်ပြီး လူ့ဘဝကို အရသာထူးကဲစေပါတယ်။

စပျစ်သီးဟာ လူသားတို့ရဲ့ လူမှုရေးပွဲလမ်းသဘင်တွေမှာလည်း အဓိကအခန်းကဏ္ဍကနေပါဝင်ပါတယ်။ စပျစ်သီးကနေ ထုတ်လုပ်တဲ့ဝိုင်ဟာ ကမ္ဘာတစ်ဝန်းက ယဉ်ကျေးမှုများစွာရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်လာပါတယ်။ ပျော်ပွဲရွှင်ပွဲတွေ၊ အခမ်းအနားတွေနဲ့ လူမှုရေးပွဲတွေမှာ ဝိုင်နဲ့ ဧည့်ခံကျွေးမွေးကြပြီး ဝိုင်သောက်သုံးခြင်းက ကျန်းမာရေးအတွက်သာမက လူမှုပေါင်းသင်းဆက်ဆံရေးကိုလည်း ပိုမိုခိုင်မြဲစေပါတယ်။ ဝိုင်ထုတ်လုပ်မှုဟာလည်း ဒေသအသီးသီးရဲ့ ယဉ်ကျေးမှုနဲ့ ကိုယ်ပိုင်ပန်းကို ပုံဖော်နေပြီး နိုင်ငံအသီးသီးမှာ သီးခြားဝိုင်ထုတ်လုပ်တဲ့ လုပ်ငန်းတွေ ထွန်းကားလျက်ရှိပါတယ်။ စပျစ်သီးစိုက်ပျိုးရေးဟာ ဒေသခံလူမှုအဖွဲ့အစည်းတွေအတွက် စီးပွားရေးအခွင့်အလမ်းတွေ ဖန်တီးပေးပါတယ်။ စပျစ်ခြံတွေ၊ ဝိုင်ချက်စက်ရုံတွေဟာ ဒေသခံတွေအတွက် အလုပ်အကိုင်တွေ ဖန်တီးပေးရုံသာမက ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကိုပါ မြှင့်တင်ပေးပါတယ်။ ကမ္ဘာလှည့်ခရီးသည်တွေဟာ နာမည်ကြီးဝိုင်ခြံတွေကို သွားရောက်လေ့လာပြီး စပျစ်စိုက်ပျိုးခြင်းနဲ့ ဝိုင်ထုတ်လုပ်ခြင်း အနုပညာကို လေ့လာကြပါတယ်။ ဒီလိုလုပ်ငန်းတွေကြောင့် စပျစ်စိုက်ပျိုးသူတွေရဲ့ စီးပွားရေးတိုးတက်စေပါတယ်။

သဘာဝပတ်ဝန်းကျင်ကို အထောက်အကူဖြစ်

စပျစ်သီးနှံဟာ စီးပွားဖြစ်စိုက်ပျိုးနိုင်ပြီး အရေးပါတဲ့ သီးနှံတစ်ခုဖြစ်တဲ့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ကို အထောက်အကူဖြစ်စေပါတယ်။ စပျစ်ပင်တွေဟာ ကာဗွန်ဒိုင်အောက်ဆိုက်လျှော့ချရာမှာ အထောက်အကူပြုတဲ့အပြင် ရာသီဥတုပြောင်းလဲမှုကို ကာကွယ်ရာမှာလည်း အရေးပါတယ်လို့ဆိုကြပါတယ်။ ဒါကြောင့် စပျစ်စိုက်ပျိုးခြင်းက ဂေဟစနစ်ကို ထိန်းသိမ်းရာမှာသာမက ကျေးလက်ဒေသတွေရဲ့ ရေရှည်ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာလည်း အရေးပါတဲ့အခန်းကဏ္ဍက ပါဝင်နေပါတယ်။

စပျစ်ပင်ရဲ့ အမြစ်ဖွဲ့စည်းပုံဟာ နက်ရှိုင်းတဲ့ အမြစ်စနစ် (Deep Root System) ရှိတဲ့အတွက် မြေဆီလွှာအတွင်းမှာရှိတဲ့ အာဟာရဓာတ်တွေကို ထိရောက်စွာ စုပ်ယူအသုံးပြုနိုင်ပြီး မြေကြီးကို လေဝင်လေထွက် ကောင်းစေကာ မြေဆီဩဇာ ညံ့ဖျင်းမှုကို ကာကွယ်ပေးနိုင်တဲ့အတွက် စပျစ်ပင် စိုက်ပျိုးပေးခြင်းကနေ မြေဆီလွှာထိန်းသိမ်းရေးလုပ်ငန်းတွေအတွက် အရေးပါစေနိုင်ပါတယ်။ ဒါ့အပြင် စပျစ်ပင်ဟာ ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူနိုင်စွမ်းရှိပြီး တစ်ဧကဆိုရင် တစ်နှစ်ကာလ အတွင်း ကာဗွန် ၂ ဒသမ ၅ တန်ကနေ ၃ တန်အထိ လျှော့ချပေးနိုင်ပါတယ်။ ဒါ့အပြင် စပျစ်ပင်ဟာ ဖန်လုံအိမ်ဓာတ်ငွေ့ကို စုပ်ယူပြီး အောက်ဆီဂျင် ထုတ်လွှတ်ပေးတဲ့အတွက် ရာသီဥတုပြောင်းလဲမှုကို လျှော့ချရာမှာ အထောက်အကူပြုစေနိုင်ပါတယ်။

စာမျက်နှာ ၁၇ သို့

- **စပျစ်သီးလို သီးနှံတွေကို စိုက်ပျိုးခြင်းဖြင့် စီးပွားရေးအကျိုးအမြတ်ရရှိရုံသာမက စိတ်ကျေနပ်ပျော်ရွှင်မှုနဲ့ သဘာဝအလှတရားတွေကိုပါ ခံစားရရှိစေနိုင်ပါတယ်။ စပျစ်စိုက်ပျိုးခြင်းဟာ ရေရှည်အတွက် အကျိုးအမြတ်များစွာ ရရှိစေနိုင်တဲ့ စိုက်ပျိုးရေးလုပ်ငန်းတစ်ခု ဖြစ်ပါတယ်**
- **ကိုင်းဆက်ခြင်းနည်းစနစ်ဟာ အစပိုင်းမှာ ရင်းနှီးငွေ ပိုမိုကုန်ကျပေမယ့် ရေရှည်မှာတော့ အထွက်နှုန်းပိုမိုကောင်းမွန်ပြီး အကျိုးအမြတ်ပိုရနိုင်ပါတယ်**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် မြို့သန့်ရှင်းသာယာရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

လွိုင်ကော် စက်တင်ဘာ ၆

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ကျက်သရေဆောင် သီရိမင်္ဂလာ တောင်တော်(တောင်ကွဲ) စေတီတော်နှင့် စေတီတော်ပရိဝုဏ်အတွင်း၊ မင်္ဂလာရပ်ကွက်ရှိမိုယမ်းကောင်း ဘုရားကြီးပရိဝုဏ်အတွင်း နယ်မြေခံတပ်ရင်း တပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်းကုသိုလ်ပြု သန့်ရှင်းရေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပြည်နယ်အစိုးရအိမ်ရာ အမှတ်(၅)၊ အမှတ်(၆) နှင့် အမှတ်(၇) အဆောက်အအုံများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှုများကိုလည်းကောင်း၊ လွိုင်ကော်တက္ကသိုလ်၌ ကျောင်းဖွင့်ချိန်အတွင်း ဘာသာရေးဆိုင်ရာကိစ္စများ ဆောင်ရွက်နိုင်ရန် တက္ကသိုလ်ဓမ္မာရုံ ပြန်လည်ပြုပြင်မွမ်းမံဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ ပြည်နယ်(ပြန်/ဆက်)

စာမျက်နှာ ၁၆ မှ

ရေကို ထိရောက်စွာ အသုံးပြုနိုင်

စပျစ်ခြံတွေဟာ ကမ္ဘာ့နေရာအတော်များများမှာ ပျံ့နှံ့တည်ရှိပြီး အထူးသဖြင့် ခြောက်သွေ့တဲ့ ရာသီဥတုရှိတဲ့ဒေသတွေမှာ အများဆုံးစိုက်ပျိုးကြပါတယ်။ ဒါကြောင့်လည်း စပျစ်စိုက်ပျိုးရေးဟာ ရေလိုအပ်ချက်အများဆုံး စိုက်ပျိုးရေးလုပ်ငန်းတွေထဲက တစ်ခုဖြစ်လာပါတယ်။ ရေကို ထိရောက်စွာ အသုံးပြုနိုင်မှုဟာ စပျစ်သီးတွေရဲ့ အရည်အသွေးကိုသာမက စိုက်ပျိုးရေးလုပ်ငန်းရဲ့ ရေရှည်တည်တံ့ခိုင်မြဲမှုကိုပါ ဆုံးဖြတ်ပေးပါတယ်။ စပျစ်ပင်တွေရဲ့ ရှင်သန်ကြီးထွားမှုမှာ အဆင့်တိုင်းအတွက် ရေဟာ မရှိမဖြစ်လိုအပ်ပါတယ်။ စပျစ်ပင်တွေရဲ့ အစေးပိုင်းကြီးထွားမှုကာလတွေဖြစ်တဲ့ အပင်စစ်ကျိန်နဲ့ ပင်ပေါက်ကလေးတွေ ကြီးထွားလာချိန်မှာ ရေကို ပုံမှန်လောင်းပေးဖို့လိုအပ်ပြီး ဒီအဆင့်မှာ ရေဓာတ်ပြည့်ဝနေမှ အပင်တွေရဲ့ အဖြစ်စနစ်က အားကောင်းကာ ကောင်းစွာကြီးထွားနိုင်မှာ ဖြစ်ပါတယ်။

ရေလိုအပ်မှု အမြင့်ဆုံးဖြစ်တဲ့ စပျစ်ပန်းပွင့်တွေ ပွင့်ပြီး အသီးစတင်သီးချိန်မှာ ရေအလုံအလောက် မရဘူးဆိုရင် အသီးခိုင်တွေရဲ့ အရွယ်အစားက သေးငယ်နေပြီး အသီးရဲ့အရည်အသွေးကိုပါ ထိခိုက်စေပါတယ်။ ရေကို ထိန်းထိန်းသိမ်းသိမ်းနဲ့ သေချာစွာ ဂရုစိုက်ပေးရမယ့်အချိန်ကတော့ ရိတ်သိမ်းခါနီးအချိန်ကာလဖြစ်ပါတယ်။ အဲဒီအချိန် အသီးတွေ ရင့်မှည့်လာတဲ့အချိန်မှာတော့ ရေကို လျှော့ချပေးဖို့ လိုအပ်ပါတယ်။ ရေအလွန်အကျွံပေးမိမယ်ဆိုရင် အသီးထဲမှာ သကြားဓာတ်ပါဝင်မှု နည်းသွားပြီး ရေဓာတ်များတဲ့အတွက် အသီးအရသာက မပြည့်စုံတော့ပါဘူး။ ပိုင်ထုတ်လုပ်ဖို့အတွက် စိုက်ပျိုးတဲ့ စပျစ်ခြံတွေမှာဆိုရင် ဒီအချက်ကအရေးအကြီးဆုံးဖြစ်ပြီး ပိုင်ရဲ့အရည်အသွေးကိုပါ သက်ရောက်မှုရှိစေပါတယ်။

စပျစ်ပင်က ရေရဲ့ pH ပမာဏကို တုံ့ပြန်တတ်ပြီး သတ္တုဓာတ်တွေများတဲ့ရေက အပင်ရဲ့ အဖြစ်စနစ်ကို ထိခိုက်စေနိုင်ပါတယ်။ စပျစ်ပင်တွေဟာ အက်စစ်ဓာတ်အနည်းငယ်ရှိတဲ့ ရေကို ပိုကြိုက်ကြပြီး အယ်ကာလီဓာတ် ပါဝင်မှုများတဲ့ရေက အပင်ရဲ့ အာဟာရစုပ်ယူမှုကို အနှောင့်အယှက် ဖြစ်စေနိုင်ပါတယ်။ ဒုံအပြင် ရေထဲမှာပါဝင်တဲ့ ဆားဓာတ်နဲ့ ကလိုရင်းဓာတ် ပမာဏကိုလည်း အထူးဂရုပြုသင့်ပါတယ်။ ဒီဓာတ်တွေဟာ အပင်ကြီးထွားမှုကို နှေးကွေးစေပြီး စပျစ်သီးရဲ့ အရည်အသွေးကို ထိခိုက်စေနိုင်ပါတယ်။ ယေဘုယျအားဖြင့် မြေအောက်ရေက တည်နေရာပေါ်မူတည်ပြီး ချဉ်းနှင်ဓာတ် ၆ ဒသမ ၅ ကနေ ၈ ဒသမ ၅ လောက်အထိ ရှိနိုင်ပါတယ်။ ကျောက်တုံးကျောက်လွှာတွေ၊ ထုံးဓာတ်များတဲ့ နေရာတွေနဲ့ အပူပိုင်းဒေသတွေကထွက်တဲ့ ရေတွေမှာတော့ အင်နဓာတ် ပိုမိုပါဝင်နေတတ်ပါတယ်။

မြစ်ရေကတော့ သဘာဝအတိုင်းဆို ချဉ်းနှင်ဓာတ် ၆ ဒသမ ၅ ကနေ ၈ ဒသမ ၀ လောက်အထိ ရှိနိုင်ပြီး မိုးရေနဲ့ရောသွားတဲ့အခါ ချဉ်းနှင်ဓာတ် အနည်းငယ်ကျသွားနိုင်ပါတယ်။ သွင်းရေ (စိုက်ခင်းသွင်းရေ)ကတော့ ရေအရင်းအမြစ် (ဆည်ရေ၊ ကန်ရေ၊ မြေအောက်ရေ၊ မြစ်ရေ)ပေါ် မူတည်ပြီး ချဉ်းနှင်ဓာတ်ကွဲပြားနိုင်ပါတယ်။ မြေအောက်ရေက ဒီအတိုင်းသုံးရင် များသောအားဖြင့် ငန်နေတတ်ပြီး မြစ်ရေနဲ့ သွင်းရေကတော့ တည်နေရာအပေါ် မူတည်ပြီး ချဉ်းနှင်ဓာတ်ကွာခြားတတ်ပါတယ်။

ရေကို ဓာတ်ခွဲစစ်ဆေးခြင်း ဆောင်ရွက်

ရေဟာ အပင်တွေရှင်သန်ကြီးထွားဖို့ အသီးအနှံတွေ ကောင်းစွာထွက်ရှိဖို့အတွက် အထူး အရေးပါတဲ့ ကဏ္ဍက ပါဝင်ပါတယ်။ အသုံးပြုမယ့် ရေရဲ့အရည်အသွေးက စိုက်ပျိုးရေးလုပ်ငန်းရဲ့ အောင်မြင်မှု ဒါမှမဟုတ် ကျရှုံးမှုကို ဆုံးဖြတ်နိုင်တဲ့ အရေးကြီးဆုံး အချက်တွေထဲက တစ်ခုဖြစ်တဲ့အတွက် မိမိစိုက်ပျိုးရေးလုပ်ငန်းမှာ အသုံးပြုမယ့်ရေကို ဓာတ်ခွဲစစ်ဆေးခြင်း (water testing)ဟာ မဖြစ်မနေဆောင်ရွက်သင့်တဲ့ လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ရေဓာတ်ခွဲစစ်ဆေးခြင်းဟာ မမြင်နိုင်တဲ့ပြဿနာတွေကို ကြိုတင်ကာကွယ်နိုင်တဲ့ ရင်းနှီးမြှုပ်နှံမှုတစ်ခုလို့ ဆိုနိုင်ပါတယ်။ ရေဓာတ်ခွဲစစ်ဆေးခြင်းဟာ အပင်တွေ ကျန်းမာစွာကြီးထွားဖို့၊ အထွက်နှုန်း ကောင်းမွန်ဖို့နဲ့ ကုန်ကျစရိတ်တွေကို လျှော့ချနိုင်ဖို့အတွက် မရှိမဖြစ်လိုအပ်တဲ့အဆင့်တစ်ခု ဖြစ်ပါတယ်။ ရေကို ဓာတ်ခွဲစစ်ဆေးခြင်းအားဖြင့် မိမိတို့ရဲ့ စိုက်ပျိုးရေးလုပ်ငန်းကို ပိုမိုထိရောက်အောင်၊ ရေရှည်တည်တံ့အောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

စပျစ်စိုက်ပျိုးရေးဟာ ရာသီဥတုနဲ့ သဘာဝပတ်ဝန်းကျင်အပေါ် များစွာမှီခိုနေရတဲ့ လုပ်ငန်းဖြစ်ပါတယ်။ ဒီလုပ်ငန်းမှာ စပျစ်သီးကို အရည်အသွေးကောင်းကောင်းနဲ့ အထွက်နှုန်းများများရဖို့ အတွက် စပျစ်ပင်တွေကို စနစ်တကျပြုစုပျိုးထောင်ဖို့ အရေးကြီးပါတယ်။ အဲဒီလို ပြုစုပျိုးထောင်ခြင်းဟာ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာမှာလည်း သွယ်ပိုက်တဲ့နည်းအားဖြင့် အထောက်အကူပြုလျက်ရှိပါတယ်။ စပျစ်ပင်တွေဟာ သစ်ကိုင်းနွယ်ပင်တွေ ဖြစ်တာကြောင့် စနစ်တကျပြုစုပျိုးထောင်ခြင်းက သီးနှံအထွက်နှုန်းနဲ့ အရည်အသွေးအတွက် အလွန်အရေးပါပါတယ်။ စပျစ်စိုက်ပျိုးရာမှာ ဒေသ၊ ရေမြေ၊ ရာသီဥတုနဲ့ ရည်ရွယ်ချက် (စားသုံးရန်၊ ပိုင်ပြုလုပ်ရန်) အပေါ် မူတည်ပြီး စိုက်ပျိုးနည်းစနစ်တွေ အများအပြားရှိပါတယ်။ စပျစ်စိုက်ပျိုးရာမှာ ပင်ထောင်စိုက်နည်း၊ ချုံပုတ်သဏ္ဌာန်စိုက်နည်း၊ ကြိုးတန်းတင်စိုက်နည်းနဲ့ စင်တင်စိုက်နည်းဆိုပြီး လေးမျိုးရှိပါတယ်။ မြန်မာနိုင်ငံမှာ စင်တင်စိုက်နည်းကို အများဆုံးအသုံးပြု စိုက်ပျိုးလျက်ရှိကြပါတယ်။

မြန်မာနိုင်ငံရဲ့ ရာသီဥတုနဲ့ မြေဆီလွှာအခြေအနေဟာ စပျစ်စိုက်ပျိုးဖို့အတွက် အထူးသင့်လျော်တဲ့ နေရာတွေဖြစ်ပါတယ်။ ရေးယခင်ကတည်းက စပျစ်သီးကို လတ်လတ်ဆတ်ဆတ်စားသုံးဖို့အတွက် စိုက်ပျိုးခဲ့ကြပြီး ဒီနေ့ခေတ်မှာတော့ ပိုင်ထုတ်လုပ်ရေးလုပ်ငန်းတွေပါ ဖွံ့ဖြိုးလာတာနဲ့အမျှ စပျစ်စိုက်ပျိုးမှုဟာလည်း ပိုမိုကျယ်ပြန့်လာပါတယ်။

> **စပျစ်စိုက်ပျိုးခြင်းက ဂေဟစနစ်ကို ထိန်းသိမ်းရာမှာသာမက ကျေးလက်ဒေသတွေရဲ့ ရေရှည်ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာလည်း အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်နေပါတယ်**

ရှိပါတယ်။ ရေကို အားလုံးမှီခိုနေရတဲ့ အရေးကြီးဆုံး ပတ်ဝန်းကျင်ပစ္စည်းတစ်ခုဖြစ်ပြီး ရေကို ကုန်ကျစရိတ်ကုန်ကျခံပြီး ပြန်လည်ပြုပြင်ခြင်းထက် ကာကွယ်ရေးကိုပဲ ပိုမိုဦးစားပေးကြပါတယ်။ ဒီလိုပဲ ရေကို ထိခိုက်ပျက်စီးခြင်းမှ ကာကွယ်ပေးနိုင်ရန်

ကျော်ကျီယာရှိ ဟွန်ဒိုင်းကားစက်ရုံမှ လူ ၄၇၅ ဦးကို အမေရိကန် လူဝင်မှုကြီးကြပ်ရေးအာဏာပိုင်များ ဖမ်းဆီး

ကျော်ကျီယာ စက်တင်ဘာ ၆
အမေရိကန်နိုင်ငံ တောင်ပိုင်း ကျော်ကျီယာပြည်နယ်ရှိ တောင်ကိုရီးယားကားထုတ်လုပ်ရေးစက်ရုံ၌ လူပေါင်း ၄၇၅ ဦးကို အမေရိကန်ထောက်လှမ်းရေး အာဏာပိုင်များက တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများ ဖမ်းဆီးစီးနင်းမှုအတွင်း ဖမ်းဆီးခဲ့သည်။ လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်အခွန်ဌာန (အိုင်စီအီး)၊ ပြည်ထောင်စု စုံစမ်းစစ်ဆေးရေးဗျူရိုနှင့် အခြားသော အေဂျင်စီမှ အရာရှိများ ပူးပေါင်းကာ ဟွန်ဒိုင်းဘက်ထရီစက်ရုံကို စက်တင်ဘာ ၄ ရက်က ဝင်ရောက်စီးနင်းခဲ့သည်။

အဆိုပါ စီးနင်းမှုအတွင်း လူပေါင်း ၄၇၅ ဦးကို ဖမ်းဆီးခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။ ဖမ်းဆီးထိန်းသိမ်းခံရသူများထဲတွင် အမေရိကန်သို့ တရားမဝင်နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသူများ၊ အလုပ်လုပ်ခွင့်မရှိသော ဗီဇာကင်းလွတ်ခွင့်အစီအစဉ်ဖြင့် ဝင်ရောက်လာသူအချို့နှင့် ဗီဇာသက်တမ်းလွန်နေသူများ ပါဝင်ကြသည်။

ဖမ်းဆီးခံထားရသူများထဲမှ ၃၀၀ ကျော်မှာ တောင်ကိုရီးယားနိုင်ငံသားများဖြစ်သည်ဟု တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကားကာ ဝေါစထရိဂျာနယ်တွင် ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုတွင် ရင်းနှီးမြှုပ်နှံလိုသည့် စီးပွားရေးလုပ်ငန်းများအားလုံးကို လျှိုက်လျှိုက်လဲ့လဲ့ကြီးဆိုကြောင်း၊ သို့သော်လည်း ကုမ္ပဏီများက နိုင်ငံခြားလုပ်သားများ လိုအပ်လာပါက တရားဝင် ခေါ်ဆောင်လာရမည်ဖြစ်ကြောင်း အိုင်စီအီးက မှတ်ချက်ပြုပြောဆိုခဲ့သည်။ ထိန်းသိမ်းခံထားရသူများထဲမှ တစ်ဦးတစ်ယောက်ကိုမှ ဟွန်ဒိုင်းကုမ္ပဏီက တိုက်ရိုက် အလုပ်ခန့်ထားခြင်းမရှိကြောင်း အင်နှိုအိတ်ချ်ကေသို့ ဟွန်ဒိုင်းကုမ္ပဏီက ပြောသည်။

ကျော်ကျီယာရှိ ဟွန်ဒိုင်းစက်ရုံကို တွေ့ရစဉ်။

ဟွန်ဒိုင်းကုမ္ပဏီသည် ဥပဒေများနှင့် စည်းမျဉ်းများအားလုံးကို လိုက်နာရန် ကတိကဝတ်ပြုကြောင်း လုပ်ဖော်ကိုင်ဖက်များ၊ ကန်ထရိုက်တာများနှင့် ပစ္စည်းပေးသွင်းသူများအားလုံးထံမှလည်း တူညီသော ကတိကဝတ်များကို မျှော်လင့်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

အင်နှိုအိတ်ချ်ကေ

ဂျပန်နိုင်ငံ ရှီဇူအိုကာပြည်နယ်၌ အပူပိုင်းမုန်တိုင်းကြောင့် နေအိမ် ၂၀၀ ကျော် ပျက်စီး

တိုကျို စက်တင်ဘာ ၆
အပူပိုင်းမုန်တိုင်း Peipah သည် ဂျပန်နိုင်ငံအရှေ့ပိုင်း ရှီဇူအိုကာပြည်နယ် မြို့လေးခုခန့် စက်တင်ဘာ ၅ ရက်က လေပြင်းများတိုက်ခတ်ခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှု အပြင်းထန်ဆုံးဖြစ်သည့် မာကီနိုဟာရာမြို့၌ လူ ၂၃ ဦးမှာ ဒဏ်ရာရရှိခဲ့ပြီး နေအိမ် ၂၀၀ ကျော် ပျက်စီးခဲ့ရကြောင်း သိရသည်။

ပြည်နယ်အတွင်း၌ အပူပိုင်းမုန်တိုင်းသည် ယင်းဒေသသို့ ချဉ်းကပ်ဝင်ရောက်လာစဉ် မိုးတိမ်တိုက်များ ဖြစ်ပေါ်ခဲ့ကြောင်း ပြည်တွင်းမိုးလေဝသ အာဏာပိုင်များက ပြောကြားသည်။

ယိုရိုဒါမြို့အပါအဝင် မာကီနိုဟာရာ၊ ကာကဲဂါဝါနှင့် ယာအိဇူမြို့တို့တွင် အင်အားပြင်းသည့် လေပြင်းများ တိုက်ခတ်ခဲ့ကြောင်း သိရသည်။ စက်တင်ဘာ ၅ ရက် ည ၉ နာရီ မိနစ် ၃၀ အထိ မာကီနိုဟာရာမြို့၌ လူသုံးဦးမှာ ပြင်းထန်စွာဒဏ်ရာရရှိပြီး ၂၀ မှာ အသေးစားဒဏ်ရာရရှိကြောင်း ပြည်နယ်အစိုးရက အတည်ပြုထားသည်။

အင်နှိုအိတ်ချ်ကေ

ချဒ်နိုင်ငံ၌ ကာလဝမ်းရောဂါကြောင့် သေဆုံးသူပေါင်း ၁၁၃ ဦးရှိလာ

အင်ဂျမီနာ စက်တင်ဘာ ၆
ချဒ်နိုင်ငံ၌ ဧရိယာ ၁ ခုလုံးလမှစကာ ကာလဝမ်းရောဂါကြောင့် သေဆုံးသူ အရေအတွက်မှာ ၁၁၃ ဦးအထိရှိလာကြောင်း ချဒ်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက စက်တင်ဘာ ၅ ရက် ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကာလဝမ်းရောဂါသံသယရှိသူ စုစုပေါင်းမှာ ၁၆၃၁ ဦးရှိကြောင်း သိရသည်။ ရောဂါဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်ရန်၊ မဟာဗျူဟာများကိုဆွေးနွေးရန် ပြည်သူ့ကျန်းမာရေးဝန်ကြီး အက်ဒဲမက် ဂျစ်အဗ္ဗဒရာဟင်က ကြီးမှူးသည့် အစည်းအဝေးအတွင်း အချက်အလက်များကို အစီရင်ခံခဲ့ကြောင်း၊ ချဒ်နိုင်ငံ၌ ကာလဝမ်းရောဂါ ကာကွယ်ဆေးအလုံးရေ ၁၁၂၀၂၉၅ လုံးကို လက်ခံရရှိထားပြီး ကာကွယ်ဆေးထိုးနှံ့ရန်အတွက် အရှေ့ပိုင်းဒေသများတွင် ကာကွယ်ဆေးများကို ဖြန့်ကြက်ထားကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ပထမဆုံး ကာလဝမ်းရောဂါ ကူးစက်မှုကို အရှေ့ပိုင်း အော့ဒ်ဒိုင်းဒေသ ဒေါ့ဂွိုဒုက္ခသည်စခန်း၌ ဧရိယာ ၁၃ ရက်က စတင်တွေ့ရှိခဲ့ကြောင်း၊ အဆိုပါစခန်း၌ ဆူဒန်ဒုက္ခသည် ၂၀၀၀၀ နီးပါးခန့်ရှိကြောင်း သိရသည်။

ကာလဝမ်းရောဂါ ဖြစ်ပွားသည့် အာဖရိကနိုင်ငံ ၂၃ နိုင်ငံ၌ ယခုနှစ်မှစတင်ကာ ကာလဝမ်းရောဂါဖြစ်ပွားသူ စုစုပေါင်း ၂၃၉၇၅၄ ဦးနှင့် ယင်းရောဂါကြောင့် သေဆုံးသူ ၅၂၇၄ ဦးရှိကြောင်း သိရသည်။

ဆင်ဟွာ

ပေါ်တူဂီ၌ ၉၄ နှစ်အတွင်း အပူဆုံးနှင့် အခြောက်သွေ့ဆုံးနွေရာသီ စံချိန်တင်

လစ္စဘွန်း စက်တင်ဘာ ၆
အပူလှိုင်းသုံးခုကြောင့် ပေါ်တူဂီနိုင်ငံ၌ နှစ်ပေါင်း ၉၄ နှစ်အတွင်း အပူဆုံးနှင့် အခြောက်သွေ့ဆုံးနွေရာသီအဖြစ် စံချိန်တင်ခဲ့ကြောင်း ပင်လယ်နှင့် လေထုဆိုင်ရာ ပေါ်တူဂီအင်စတီကျူက စက်တင်ဘာ ၅ ရက်တွင် ပြောသည်။

ပျမ်းမျှအပူချိန်မှာ ၂၃ ဒသမ ၅၁ ဒီဂရီဆဲလ်စီးယပ်ရှိပြီး ပျမ်းမျှအမြင့်ဆုံးအပူချိန်မှာ ၃၀ ဒသမ ၇၈ ဒီဂရီဆဲလ်စီးယပ်ရှိသည်။ အဆိုပါအပူချိန်သည် ဆယ်စုနှစ်ကိုးခုအတွင်း အမြင့်ဆုံးဖြစ်သည်။ ၂၀၂၅ ခုနှစ်နွေရာသီသည် ၁၉၃၁ ခုနှစ်နောက်ပိုင်း အခြောက်သွေ့ဆုံးဖြစ်သည်။ စုစုပေါင်းမိုးရေချိန် ၁၀ ဒသမ ၉ မီလီမီတာသာ ရှိသည်။

ယခုနှစ်နွေရာသီသည် အလွန်ခြောက်သွေ့ပူပြင်းသော ရာသီအဖြစ် ပင်လယ်နှင့်လေထုဆိုင်ရာ ပေါ်တူဂီအင်စတီကျူက ဖော်ပြခဲ့သည်။ ယခုနှစ်နွေရာသီသည် ပေါ်တူဂီနိုင်ငံ၏ ရာသီဥတုသမိုင်းတွင် အမြင့်ဆုံး အပူချိန်နှင့် မိုးရေချိန်အနည်းဆုံးအဖြစ် ပင်လယ်နှင့်လေထုဆိုင်ရာ ပေါ်တူဂီအင်စတီကျူက အလေးထားဖော်ပြခဲ့သည်။

ဆင်ဟွာ

အာဖဂန်နစ္စတန်၌ ငလျင်ဒဏ်သင့်ဒေသများအတွက် အကူအညီများ အလျင်အမြန်လုပ်ဆောင်ပေး

တိုကျို စက်တင်ဘာ ၆
ကုလသမဂ္ဂသည် အာဖဂန်နစ္စတန်နိုင်ငံ ငလျင်ဒဏ်သင့်ဒေသများ အတွက် အကူအညီများ အလျင်အမြန် လုပ်ဆောင်ပေးလျက်ရှိကြောင်း ကုလသမဂ္ဂကိုယ်စားလှယ်တစ်ဦးက ဖော်ပြထားသည်။ ငလျင်ဘေးမှ အသက်ရှင်ကျန်သူများသည် အန္တရာယ်ကင်းသည့် သောက်သုံးရေရရှိရန် ရုန်းကန်နေရကြောင်း သိရသည်။

အာဖဂန်နစ္စတန် နိုင်ငံရှိ ကုလသမဂ္ဂ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အတွက် ဌာနေကိုယ်စားလှယ်စတီဖင်ရိုဒရစ်ကစက်တင်ဘာ ၅ ရက်က အွန်လိုင်းသတင်းစာရှင်းလင်းပွဲတွင် ဆိုသည်။

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း၌ ဩဂုတ် ၃၁ ရက်က ပြင်းအား ၆ အဆင့်ရှိ ငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ရာ လူပေါင်း ၂၂၀၅ ဦး သေဆုံးပြီး ဒဏ်ရာရရှိသူ ၃၆၄၀ ရှိကာ ကူနာပြည်နယ်၌ အဆိုးရွားဆုံး ထိခိုက်ခံစားခဲ့ရကြောင်း သိရသည်။

သဘာဝဘေးကြောင့် လူပေါင်း ၈၄၀၀၀ ခန့်ထိခိုက်ခဲ့ရကြောင်းနှင့် အဓိကရေအရင်းအမြစ် ၆၈ ခု ပျက်စီးခဲ့ရကြောင်း ၎င်းက ဆိုသည်။

လူပေါင်း ၂၀၀၀၀ ကျော်မှာ စားနပ်ရိက္ခာ အကူအညီနှင့် ရေသယံကားများ လက်ခံရရှိထားပြီး ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်ရန် မိလ္လာအဆောက်အအုံများကို စီစဉ်ပေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **အင်နှိုအိတ်ချ်ကေ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
လျှောက်လွှာခေါ်ယူခြင်း
နေပြည်တော်

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများတွင် အရည်အချင်းသတ်မှတ်ချက်ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

စဉ်	ရာထူး	နေရာ	အိမ်မှီဆုံးပညာအရည်အချင်း သတ်မှတ်ချက်
(က)	အင်ယတ်တန်းစာရေး (ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)	(၂) နေရာ	တက္ကသိုလ်/ကောလိပ်မှဘွဲ့တစ်ခုခု ရရှိရမည်။
(ခ)	စာရင်းကိုင်-၄ (ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)	(၃) နေရာ	တက္ကသိုလ်/ကောလိပ်မှဘွဲ့တစ်ခုခု ရရှိရမည်။

၂။ ဌာနကူးပြောင်းလျှောက်ထားခြင်း လက်ခံမည်မဟုတ်ပါ။

၃။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
- (ခ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊
- (ဂ) (၃၀-၈-၂၀၂၅) ရက်နေ့တွင် အသက်(၃၀)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်၊
- (ဃ) လျှောက်ထားသူများသည် ကွန်ယူတာကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်၊
- (c) နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်း ခံရပါက ဌာနတွင် အနည်းဆုံး (၃) နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်းနှင့် အကြောင်း ပြချက်နိုင်လုံမှုမရှိ၊ ခွင့်ပြုချက်မရှိဘဲ နုတ်ထွက်ခဲ့လျှင် ကျပ် ၅၀၀,၀၀၀/- (ကျပ်သိန်းသိန်း တိတိ) ပေးချေပ်မည် ဖြစ်ကြောင်း ကတိဝန်ခံချက်စာချုပ် ချုပ်ဆိုရမည်၊
- (စ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မဟုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှထုတ်ပယ် ခြင်း (Removal) ၊ ရာထူးခန့်ထားခြင်းအမိန့်စာမှ ပယ်ဖျက်ခံရသူများ လျှောက်ထားခွင့် မရှိပါ။

၄။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များ ပါရှိရမည်-
- (က) ကိုယ်တိုင်ရေးလျှောက်လွှာ၊
- (ခ) ပြည့်စုံစွာဖြည့်စွက်ထားသော ကိုယ်ရေးမှတ်တမ်း၊ ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံနှင့် ဖုန်းနံပါတ်၊
- (ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊
- (ဃ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်မိတ္တူ၊
- (c) ဘွဲ့လက်မှတ်မိတ္တူ(သို့မဟုတ်)ယာယီဘွဲ့ထောက်ခံစာမိတ္တူ၊
- (စ) ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊
- (ဆ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်းနှင့် သက်ဆိုင်ရာနယ်မြေရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်း ဆောက်ခံချက်မူရင်း။
- (ဇ) ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးလက်မှတ်ထောက်ခံချက်မူရင်း။
- (ဈ) (၂)လအတွင်း ရိုက်ကူးထားသော ပတ်စ်پို့အရွယ်ဓာတ်ပုံ(၃)ပုံ(ကျောဘက်တွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်ရေးသားရန်)။
- (ည) ယခင်ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပါက ဌာနဓာ၊ နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမှရင်း။
- (ဋ) ရေးဖြေလာရောက်ဖြေဆိုသည့်အခါ နိုင်ငံသားစိစစ်ရေး ကတ်ပြားမူရင်း၊ တက္ကသိုလ်ဝင် စာမေးပွဲအောင်လက်မှတ်မူရင်း၊ ဘွဲ့လက်မှတ်(သို့မဟုတ်) ယာယီဘွဲ့ထောက်ခံစာမူရင်း၊ အလုပ်သမားမှတ်ပုံတင် ကတ်ပြားမူရင်း တို့ကို တစ်ပါတည်းတင်ပြရမည်။

၅။ လျှောက်လွှာများကို (၂၄-၁၀-၂၀၂၅) ရက်နေ့ နောက်ဆုံးထားရှိ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ရုံးအမှတ်(၇)၊ နေပြည်တော်သို့ လျှောက်ထားရမည်။

၆။ လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အတွေးထွေးဗဟုသုတ ဘာသာရပ်များ ပါဝင်သည့် ရေးဖြေစာမေးပွဲကို ဖြေဆိုရမည်ဖြစ်ပြီး ကွန်ယူတာ ကျွမ်းကျင်မှုကိုပါ စစ်ဆေးမည်ဖြစ်ပါသည်။

၇။ ရေးဖြေအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းဆောင်ရွက်မည်ဖြစ်ပါသည်။

၈။ အရည်အချင်းစစ် စာမေးပွဲဖြေဆိုရမည့်ရက်နှင့် ဖြေဆိုခွင့်ရှိသူများစာရင်းကို ဆက်သွယ်အကြောင်းကြားပေးမည် ဖြစ်ပါသည်။

၉။ သတင်းမီडီယာကမ်းချက်များနှင့် ကိုက်ညီမှုမရှိသော၊ မပြည့်စုံသော၊ သတ်မှတ်ရက်ထက် ကျော်လွန်ပြီးမှ ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၀။ လျှောက်လွှာတွင်ဖော်ပြချက်များနှင့် အထောက်အထားစာရွက်စာတမ်းများသည် မှန်ကန်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ရာထူးခန့်အပ်ပြီးစေကာမူ ထုတ်ပယ်ခြင်းခံရမည်။

၁၁။ အသေးစိတ်သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ရုံးချုပ်(စီမံဌာန)၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်၊ ၀၆၇၃-၄၁၂၂၊ ၀၆၇၃-၄၁၂၅ သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၄၇၅၇၄, ZONGSHEN-110, M/C ယာဉ်လက်ဝယ်ရှိသူ ခေါ်ဝါဝါက ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်ငံလုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကည၈၊
ခရိုင်ရုံး(သာယာဝတီ)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 83W/78636, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ရွှေ ၁၄/မအပ(နိုင်)၀၀၇၁၀၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကည၈၊ ခရိုင်ရုံး(ဟင်္သာတ)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
ဆောက်လုပ်ရေးဝန်ကြီးဌာန
လမ်းဦးစီးဌာန
အင်းစိန်ခရိုင်

လမ်းဦးစီးဌာန၊ အင်းစိန်ခရိုင်မှ ၂၀၂၅-၂၀၂۶ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန် လိုအပ်သော လုပ်ငန်းခွင်သုံးပစ္စည်းများအား လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

လိုအပ်သည့်လုပ်ငန်းခွင်သုံးပစ္စည်းများ၏ အမျိုးအစား။ အရေးအတွက်၊ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို လမ်းဦးစီးဌာန၊ အင်းစိန်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင် (၇-၉-၂၀၂၅)ရက်မှစတင်၍ ဖော်ပြထားမည် ဖြစ်ပါသည်။

- **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၂-၉-၂၀၂၅ ရက် (ရုံးချိန်အတွင်း)
- **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၁၉-၉-၂၀၂၅ရက်(ရုံးချိန်အတွင်း)
- **တင်ဒါဖွင့်မည့်ရက် / အချိန်** - ၂၃-၉-၂၀၂၅ ရက် (နံနက် ၁၀း၀၀)နာရီ
- **တင်ဒါစီစစ်ရွေးချယ်မည့်နေရာ** - လမ်းဦးစီးဌာန၊ အင်းစိန်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး

တင်ဒါလျှောက်လွှာပုံစံများကို လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ အင်းစိန်ခရိုင်တွင် (၁၂-၉-၂၀၂၅)ရက် (ရုံးချိန်အတွင်း)မှ စတင်ဝယ်ယူနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
လမ်းဦးစီးဌာန၊ အင်းစိန်ခရိုင်၊ အင်းစိန်မြို့နယ်
ဖုန်း-၀၉-၄၅၀၀၂၀၆၁၀၊ ၀၉-၇၉၆၄၄၆၂၂၈

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စကုမြို့ တောင်ရပ်အခြေခံပညာအထက်တန်းကျောင်း(၃)Grade-6 သင်ဆဲ မောင်ထက်မြတ်ဝေယန်၏ဖခင် ဦးသန်းထွန်း၌ ၏အမည်မှန်မှာ ဦးသန်းထွန်း ၈/မဘန(နိုင်)၁၃၇၂၂၂ ဖြစ်ပါကြောင်း။

ဦးသန်းထွန်း

ဖခင်အမည်မှန်

တောင်ငူမြို့၊ အထက(၁)၊ Grade- 12 (A)မှ မောင်အောင် အောင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးကျော်ထွန်း ၇/ ရတရ (နိုင်)၀၉၉၇၈၇ ဖြစ်ပါကြောင်း။

ဦးကျော်ထွန်း

ဖခင်အမည်မှန်

တောင်ငူမြို့၊ အထက(၁)၊ Grade- 12 (A)မှ စောခိုးရီကျော့၏ ဖခင်အမည်မှန်မှာ စောထူးခူ ၇/ တင(နိုင်)၁၂၃၂၆၂ ဖြစ်ပါကြောင်း။

စောထူးခူ

ပတ်စ်ပို့ပျောက်

ဦးတင်ငွေ ၏သား မောင်ကျော်ဇေယျ ၈/ရစက(နိုင်)၂၇၁၉၄၂ ၏ နိုင်ငံကူးလက်မှတ် နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၁၅၄၁၁၅

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၁/ကဲဘဲ)၊ (၁၀)ရပ်ကွက်၊ အင်းယားရိပ်သာလမ်း၊ ခြံအမှတ် (၈/၁၇) + (၈/၁၉) + (၈/၂၀)၊ မြေကွက်အမှတ် (၇/ယ-၁-၃/E) + (၇/ယ-၁-၃/D) + (၇/ယ-၁-၃/B)၊ အကျယ်အဝန်း (၀.၀၅၈)၈ဧက + (၀.၀၀၃)၈ဧက + (၀.၁၀၂)၈ဧကရှိ ဦးကျော်မိုးလွင် (၁၂/လမန (နိုင်) ၁၀၇၂၂၀) အမည်ပေါက် နှစ်(၆၀)ဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးစီးစားခွင့်အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးကျော်မိုးလွင် (၁၂/လမန (နိုင်) ၁၀၇၂၂၀) နှင့် ဦးဖြိုးဟိန်းကို (၉/မဟမ (နိုင်) ၀၁၁၃၀၂)တို့ထံမှ ကျွန်ပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး	**ဦးကျော်စိုးဦး**
LL.B, D.B.L, D.I.L.,	LL.B,
တရားလွှတ်တော်ရှေ့နေ(စဉ်-စဝ၅၂)	အထက်တန်းရှေ့နေ(စဉ်-၅၄၁၈)

၀၉ ၅၅ ၆၁ ၄၆ ၊ ၀၉ ၄၂၅ ၃၀၇ ၂၇

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဟလာမြို့နယ်၊ (၂၁)လမ်း၊ အမှတ်(၁၂၇)ဟု ခေါ်တွင်သော မြေတိုင်းအမှတ်(ဘီ-၂)၊ မြေကွက်အမှတ်(၆)၊ အကျယ်အနန်း(၂၀၄၄၀)ပေရှိ မြေပိုင်ရေမြေကို ဦးလှမြင့်မှ (၁၅.၇.၁၉၈၀)ရက်စွဲပါ အရောင်းအယ်စာချုပ်ဖြင့် မူလအမည်ပေါက် ပိုင်ရှင်ထံမှ ဝယ်ယူပြီး တရားရုံးဒီကရီအရ မှတ်ပုံတင် စာချုပ်အမှတ် ၁၄၃၇/၈၅ဖြင့် တရားဝင် ပိုင်ဆိုင်ခဲ့ပြီး ဟ္ဍရင်ကွမ်းဘုံကျောင်း အတွက် အိမ်လေးများကောက်ခံလျှက်ခဲ့ရာမှ (၂၀၀၉)ခုနှစ်၊ မေလမှစတင်ပြီး မြေအမည်ပေါက်ပိုင်ရှင် ဦးလှမြင့်နှင့် ဟ္ဍရင်ကွမ်းဘုံကျောင်းတို့ မြေပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး အမှုအင်းဖြစ်ပွားခဲ့ပြီးနောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးတော်မှ တရားမအထူးအယူခံမှုအမှတ်-၄၇/၂၀၂၄အမှု၏ (၉.၉.၂၀၂၄) ရက်စွဲပါ အမိန့်ဖြင့် "ဟ္ဍရင်ကွမ်းဘုံကျောင်းမှ တရားလိုပြုလုပ်စွဲဆိုသောအမှုကို စရိတ်နှင့်တကွ ပလပ်သည်"ဟု အမိန့်ဒီကရီ ချမှတ်ခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင် အချင်းဖြစ်နေအိမ်မြေကွက်ပေါ်ရှိ တိုက်ခန်းဌားရမ်းသူများမှ ဟ္ဍရင်ကွမ်းဘုံ ကျောင်းနှင့်တိုက်ခန်းဌားရမ်းခများ ပေးအပ်ရန် (၇.၆.၂၀၂၅)ရက်စွဲပါ ဦးလှမြင့် ၏ ရှေ့နေမှတစ်ဆင့် အကြောင်းကြားစာပေးပို့ခဲ့ရာ တိုက်ခန်းဌားရမ်းသူများ သည် လက်ရှိနေထိုင်လျက်ရှိကြသော်လည်း အကြောင်းကြားစာကို လက်ခံခြင်း မပြုခဲ့ပါသဖြင့် ဤသတင်းစာကြေငြာပါရှိပြီး (၁၄)ရက်အတွင်း (၂၀၁၀ ပြည့်နှစ်၊ ဧရိနဝါရီလမှ (၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ)အထိ (၁၄)နှစ်စာနှင့် (၂၀၂၅ခုနှစ်၊ ဧရိနဝါရီမှ (၂၀၂၅ခုနှစ်၊ စက်တင်ဘာလ)အထိ (၉)လစာအတွက် တိုက်ခန်းဌားရမ်းခကျသင့်ငွေများကို တိုက်ခန်းဌားရမ်းသူများအပေါင်း ဌားရမ်း သူများနှင့် ပတ်သက်ခဲ့ရာ ဟ္ဍရင်ကွမ်းဘုံသူများအနေဖြင့် ဥပစာပိုင်ရင်ဦးလှမြင့်ထံ တစ်လုံး တစ်ခဲတည်းပေးအပ်ရန် အကြောင်းကြားသိစေပြီး လိုက်နာဆောင်ရွက်ခြင်း မရှိပါက တည်ဆဲဥပဒေများနှင့် တရားစွဲဆိုတောင်းခံသွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးလှမြင့် (၁၂/လသန(နိုင်)၀၁၄၂၀၃)
ခေါ်ခြေကျော်ဦး (စဉ်-၁၈၀၅၃)
(တရားလွှတ်တော်ရှေ့နေ)

လွှဲအပ်ညွှန်ကြားချက်အရ
ခေါ်ရိုးသီတာနိုင် (စဉ်-၅၅ဝ)
ဦးမင်းထွန်း (စဉ်- ၅၄၃၅)
(အထက်တန်းရှေ့နေ)များ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7D/9611 ယာဉ်လက်ဝယ်ရှိသူ ဦးရန်လင်းထိုက် ၇/ပခန(နိုင်)၂၅၄၂၄ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက နိုင်ငံလုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကည၈၊ တိုင်းဒေသကြီး
ဦးစီးမှူးရုံး(ပဲခူး)

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်/ထက်ရပ်ကွက်၊ ဗဒူးဒေသလမ်းအမှတ်-၃၆၂ (၃)ခန်းတွဲ (၈)ထပ်တိုက်၏ ၄-လွှာ(ဝဲဘက်)၊ အကျယ်အဝန်း (၁၅ ပေ x ၇၀ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ဦးမင်းခန့်ကျော် (၁၂/တမန (နိုင်)၁၃၁၀၄)မှ ပိုင်ဆိုင်ကြောင်း တာဝန်ယူလက်ခံ၍ ရောင်းချရန် ကမ်းလှမ်းသည့်အတွက် ကျွန်ုပ် မိတ်ဆွေက ဝယ်ယူရန်ဆွေ တစ်စိတ်တစ်ဒေသ ပေးချေထားပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူ သူ့ဆည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော် လွန်ပါက အရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ခေါ်ခင်မေမြင့် [LL.B, Diploma in Business Law]
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၂၀)
အမှတ်(၄၈)၊ သတိပဋ္ဌာန်လမ်း၊ ကျားကုတ်သစ်ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ -၂၅၄၆၁၂၂၀၃

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 56W/20953, Honda Wave-110 ယာဉ်လက်ဝယ်ရှိသူ ဦးနေထက်လင်း ၉/လဝန(နိုင်)၂၄၆၁၃၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်ငံလုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကည၈၊ ခရိုင်ရုံး(မိတ္ထီလာမြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/87752, Honda Wave- 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မင်းနိုင် ၁၄/စနဖ(နိုင်)၀၉၄၉၅၇၈ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကည၈၊
ခရိုင်ရုံး(မအူပင်)မအူပင်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1F/1837, Honda Pratner GJ3 ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ကို ၉/မခန(နိုင်) ၂၅၄၃ဂ၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကည၈၊ နေပြည်တော်ရုံး

---

(၂၁) ကြိုပ်ငြောက် ထိမ့်ဝှဲ့ခဲ့တွင် Jackpot ဆုကြီး
ကျပ်သိန်း (၁၀၀၀) အတွက် ကံထူးရှင် ထွက်ပေါ်လာခြင်း ဖရိုပါသဖြင့်
(၂၂) ကြိုပ်ငြောက်ထိမ့်ဝှဲ့ခဲ့တွင် ဆကို Jackpot ဆုကြီး ထိဆုငှ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
သမဝါယမဦးစီးဌာန
နေပြည်တော်
အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန အဆင့်ဆင့်(ရုံးချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်ရုံး၊ မြို့နယ်ရုံး၊ သင်တန်းကျောင်း) နှင့် သမဝါယမကောလိပ်(ဖောင်ကြီး၊ မန္တလေး)တို့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများအတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

စဉ်	ရာထူး/လစာနှုန်း	နေရာ	ပညာအရည်အချင်း
(က)	အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)	၂၁၀	တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ (ကျန်ယျုတာကျွမ်းကျင်စွာ အသုံးပြုနိုင်သူ)
(ခ)	ယာဉ်မောင်း(၅)/ ယာဉ်မောင်းစက်ပြင်(၄) (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀)	၇	အခြေခံပညာမူလတန်း အဆင့်ရှိသူ (ယာဉ်မောင်း"ခ"လိုင်စင်ရှိပြီး ယာဉ်ကိုကျွမ်းကျင်စွာမောင်းနိုင်သူ)
(ဂ)	ရုံးအကူ (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀)	၇၇	သမဝါယမဦးစီးဌာနနှင့် ကောလိပ်ဆေးတွက်လျှောက်ထား သူများမှာအခြေခံပညာအထက် တန်းအောင်နှင့်အထက်၊ သင်တန်းကျောင်းများအတွက် လျှောက်ထားသူများမှာအခြေခံ ပညာအလယ်တန်းအောင်မြင်သူ
(ဃ)	အစောင့် (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀)	၁၄	အခြေခံပညာမူလတန်း အဆင့်ရှိသူ

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) (၁၇-၁၀-၂၀၂၅)ရက်နေ့တွင် ပြင်ပပဋိုလိုဖြစ်ပါက အသက်(၃၀)နှစ်ထက်မကျော်လွန်သူ၊ နိုင်ငံခံထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) ခန့်အပ်ခြင်းခံရပါက ဌာနတွင် အနည်းဆုံး(၃)နှစ်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုးနိုင်ရမည်။

(င) ဒေသခံများအား ဦးစားပေးစဉ်းစားမည်။ ဝေးလံသောဒေသများနှင့် သမဝါယမဦးစီးဌာနနှင့်ကောလိပ်များမှ လက်ရှိရေနေရာဝန်ထမ်းများ ဖြစ်ပါက အသက်အနှိမ့်သတ်ချက် အား လျှော့ပေါ့စဉ်းစားပေးမည်။

(စ) အခြားဝန်ထမ်းအဖွဲ့အစည်းများမှ လျှောက်ထားသူများသည် သက်ဆိုင်ရာဝန်ကြီး ဌာနနှင့်အဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။

(ဆ) အငယ်တန်းစာရေးရာထူးအတွက် လျှောက်ထားလာသူများတွင်တာဝန်ထမ်းဆောင်ဆဲ နိုင်ငံဝန်ထမ်းနှင့် နိုင်ငံဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့ဖူးသူများအနေဖြင့် ဝန်ထမ်းများကမ်းဆိုင်ရာဖြစ်ဒဏ်တစ်မျိုး၊ မျိုးကျခံခဲ့ဖူးသူဖြစ်ပါက ပြစ်ဒဏ်အမျိုးအစားကို လျှောက်လွှာတွင် ထည့်သွင်းဖော်ပြလျှောက်ထားရမည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုး၍)ပူးတွဲတင်ပြရမည် -

(က) ကိုယ်ရေးလျှောက်လွှာ

(ခ) ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ဃ) အငယ်တန်းစာရေးရာထူးအတွက် ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူ။ ရုံးအကူရာထူးအတွက် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူ။ ယာဉ်မောင်း-၅/ ယာဉ်မောင်းစက်ပြင်-၅ ရာထူး အတွက် သက်ဆိုင်ရာအခြေခံပညာအထက်တန်း ကျောင်း၏ ထောက်ခံချက်လက်မှတ်မိတ္တူနှင့် ယာဉ်မောင်းလိုင်စင်မိတ္တူ။ အစောင့်ရာထူး အတွက် သက်ဆိုင်ရာအခြေခံပညာအထက်တန်းကျောင်း၏ ထောက်ခံချက်လက်မှတ်မိတ္တူ

(င) (၂)လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၂)ပုံ(ဓာတ်ပုံကျောဘက်တွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးအမှတ်ရေးသားရန်)

(စ) ပြစ်မှုကင်းရှင်းကြောင်းသက်ဆိုင်ရာရဲစခန်း၏ထောက်ခံချက်

(ဆ) ပါတီနိုင်ငံရေးကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်တွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်

(ဇ) အလုပ်သမားမှတ်ပုတ်ကတ်ပြားမိတ္တူ(သက်တမ်းတိုးပြီး)

(ဈ) ကျန်းမာကြောင်းဆေးထောက်ခံစာ [လွန်ခဲ့သော (၁)ပတ်အတွင်း]

(ည) တာဝန်ကျရာ မည်သည့်ဒေသတွင်မဆို သွားရောက်တာဝန်ထမ်းဆောင်ပါမည်ဟု ကတိပြုဝန်ခံချက်

၄။ လျှောက်လွှာများကို သမဝါယမဦးစီးဌာန(ရုံးချုပ်)၊ တိုင်းဒေသကြီး/ပြည်နယ် သမဝါယမ ဦးစီးဌာနရုံးများနှင့် သမဝါယမကောလိပ်(ဖောင်ကြီး၊မန္တလေး)သို့(၁၀-၁၀-၂၀၂၅)ရက်နေ့နောက်ဆုံး ထားရှိပေးပို့လျှောက်ထားရမည်။ သတ်မှတ်ရက်ထက် ကျော်လွန်သော၊ စာရွက်စာတမ်းမပြည့်စုံသော လျှောက်လွှာများအားထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၅။ နိုင်ငံဝန်ထမ်းဖြစ်လျှင် လျှောက်လွှာ(၁)စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာန အကြီးအကဲထောက်ခံချက်ဖြင့် သက်ဆိုင်ရာခန့်ကြီးဌာနမှတစ်ဆင့် သမဝါယမ ဦးစီးဌာန(ရုံးချုပ်) သို့(၁၇-၁၀-၂၀၂၅)ရက်နေ့နောက်ဆုံးထား၍ အရောက်ပေးပို့ရန် ဖြစ်ပါသည်။ [ကြိုတင်လျှောက်လွှာ (၁)စောင်ကိုရေးဖြေ ဖြေဆိုမည့်နေရာဌာသတ်မှတ် လျှောက်လွှာပြတ်ရက်မတိုင်မီ တင်သွင်းရမည်။]

၆။ အငယ်တန်းစာရေးရာထူးအတွက် လျှောက်ထားသူများမှ အရည်အချင်း ပြည့်မီသူများအား ရေးဖြေ(မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဟုသုတ ဘာသာရပ်)နှင့် လူတွေ့စစ်ဆေးခြင်းကို သမဝါယမဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်သမဝါယမဦးစီးဌာနရုံးများနှင့် သမဝါယမ ကောလိပ်(ဖောင်ကြီး၊ မန္တလေး)တွင်ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုလိုသည့်နေရာအား လျှောက်လွှာတွင် ထင်ရှားစွာရေးသားဖော်ပြရန်နှင့် ဖြေဆိုရမည့်နေ့ရက်အား ကြိုတင်အကြောင်းကြား သွားမည်ဖြစ်ပါသည်။ ရေးဖြေအောင်မြင်သူများကို လူတွေ့ စစ်ဆေးခြင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၇။ ရုံးအကူ/အစောင့်ရာထူးအတွက် လူတွေ့စစ်ဆေးခြင်းကိုလည်းကောင်း။ ယာဉ်မောင်း-၅/ ယာဉ်မောင်းစက်ပြင်-၅ ရာထူးအတွက် သတ်မှတ်ပေးထားချိန်းကျင်း မှုစစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်း ကိုလည်းကောင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ဖြေဆိုရမည့်နေ့ရက်အား ကြိုတင်အကြောင်းကြားသွားမည်ဖြစ်ပါ သည်။

၈။ လျှောက်လွှာတွင်ဖော်ပြချက်များနှင့် အထောက်အထားစာရွက်စာတမ်းများ သည် မှန်ကန်မှု မရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ရာထူးခန့်အပ်ပြီးစောကမှု ထုတ်ပယ်ခြင်းခံရမည်။

၉။ အသေးစိတ်သိရှိလိုပါက သမဝါယမဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၁၆)၊ နေပြည်တော်(တယ်လီဖုန်း အမှတ်-၀၆၇-၃၄၁၀၃၃)နှင့်လျှောက်လွှာတင်ထား သည့် တိုင်းဒေသကြီး/ပြည်နယ်သမဝါယမဦးစီး ဌာနရုံးများနှင့် သမဝါယမကောလိပ် (ဖောင်ကြီး၊ မန္တလေး)သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

သမဝါယမဦးစီးဌာန(ရုံးချုပ်)

"CHAMPION " အမည်အမှတ်တံဆိပ်သတိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၇၄၄၇၅ လမ်းကြား၊ ၃၂(B) လမ်းနေ ဦးစိုးနိုင်(၁)ရန်ချန်ချင်း (၁၁) ဦးရန်ဖူရင်(၁၃/ကခန(နိုင်)၀၃၂၁၂၀)၏ လွဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်ပါသည်-

CHAMPION
Plastic Cups Factory

မှတ်ပုံတင်စာချုပ်အမှတ် (၁၅၈၀/၂၀၂၅)

အထက်ဖော်ပြပါ " CHAMPION " အမည်အမှတ်တံဆိပ်ကို မန္တလေးမြို့၊နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ရောင်းချဖြန့်ဖြူးရန်အတွက် ကျွန်ပ်တို့မိတ်ဆွေမှ ဥပဒေနှင့်အညီ မှတ်ပုံတင်သွင်းကြေညာခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါတံဆိပ်အမှတ်အသား ကို ကျွန်ပ်တို့မိတ်ဆွေ၏ ခွင့်ပြုချက်မရဘဲတိုက်ရိုက်သော်လည်း ကောင်း။ သွယ်ဝိုက်၍သော်လည်းကောင်း ဆင်တူယိုးမှား တုပပြုလုပ် ခြင်း မပြုလုပ်ကြရန်နှင့် အကယ်၍ မည်သူမဆို ကျွန်ပ်တို့မိတ်ဆွေ၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သူစောမြင့်နွယ်ထွန်း (LL.B)	**ဒေါ်သဇာနည်ထွန်း (LL.B)**
(တရားလွတ်တော်ရှေ့နေ)	**(အထက်တန်းရှေ့နေ)**
စဉ်-၁၆၅၂	**စဉ်-၅၃၀၁၉**

၅ဖေ၅၇၇လမ်းကြား၊ ၁၁၃-လမ်း၊ ချမ်းမြသာစည်မြို့နယ်၊
မန္တလေးမြို့၊ ဖုန်း-၀၉-၄၀၂၆၄၆၄၊ ၀၉-၇၉၄၇၉၄၁၁

အများသိစေရန်ကြေညာခြင်း

ကျွန်ပ်၏မိတ်ဆွေဖြစ်သူသည် ရန်ကုန်မြို့၊ သယမ်းနားကျွန်းမြို့နယ်နေ ဒေါ်ခေါ်ဦးဝင်းဆွေ ၁၂/ကတတ(နိုင်)၀၂၄၇၁၈ သည် Techway Holdings Limited (THL) Co.,Ltd. ၏ဘဏ်ခန်းအပ်ခြင်းခံရသူ တစ်ဦးဖြစ်ပါသည်။ Techway Holdings Limited (THL) Co.,Ltd. သည် Taunggyi Thein Mining (TGIM) Co.,Ltd. နှင့် သတ္တုတူးဖော်ရေးလုပ်ငန်းအား ကုမ္ပဏီနှစ်ခု အကျိုးတူပူးပေါင်း၍ Taunggyi Thein Techway Joint Venture (JVCo) Co.,Ltd. (တောင်ကြီးသိန်းပူးတွဲလုပ် ငန်းကုမ္ပဏီလီမိတက်)အမည်ဖြင့် သတ္တုတူးဖော်ရေးလုပ်ငန်းအား ပူးပေါင်းဆောင်ရွက်ကြရန် JVCo Co.,ltd. တည်ထောင်ရေးအတွက် Joint Venture Agreement ပူးတွဲ လုပ်ငန်းသဘော တူညီချက် (MOU)စာချုပ်အမှတ်(၁)ကိုလည်းကောင်း။ JVCo Co.,Ltd. တည်ထောင်ရေး Memorandum of Understanding နားလည်မှုစာချုပ်လွှာ စာချုပ်အမှတ်(၂)ကိုလည်းကောင်း၊ သတ္တုတူးဖော်ရေး ပူးပေါင်းဆောင်ရွက် မှုစာချုပ်အမှတ်(၃)ကိုလည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြပြီး ကုမ္ပဏီ(၂) ခုပူးပေါင်း၍ လုပ် ငန်းစတင်ဆောင်ရွက်ခဲ့ကြပါသည်။ ထို့နောက် (၂၆-၁-၂၀၁၄)ရက်နွဲ့ပါ စာချုပ်အရ THL Co.,Ltd. သည် သတ္တုတူး ဖော်သန့်စင်ခြင်းနှင့် သတ္တုလုပ်ကွက်နှင့် သက်ဆိုင်သည့်လုပ်ငန်းအပါအဝင် ကုန်ကျစရိတ်များ အားလုံးအတွက် ၁၀၀% ငွေကြေးရင်း နှီးမြှုပ်နှံခဲ့ပြီး JVCo Co.,Ltd. ဖက်စပ်ကုမ္ပဏီ၏အစုရှယ်ယာ ၈၆.၅% ကို ပိုင်ဆိုင်ခဲ့ပါသည်။ TGTM Co., Ltd. သည် အဆိုပါစာချုပ်အရသတ္တုလုပ်ကွက်ဖြင့် နီးမြှုပ်နှံခဲ့ပြီး JVCo Co.,Ltd. ဖက်စပ်ကုမ္ပဏီ၏အစုရှယ်ယာ ၁၃.၅% ကို ပိုင်ဆိုင်ခဲ့ကြပါသည်။ ထိုကဲ့သို့ကုမ္ပဏီ(၂)ခုတာရေးဂင်သတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအား နှစ်ဖက်အကျိုးတူပူးပေါင်းလုပ်ကိုင်ဆောင်ရွက်လိုကြရာမှ (၂၀၂၃) ခုနှစ်မှ စတင်၍ TGTM Co.,Ltd. ဘက်မှ ပူးပေါင်းဆောင်ရွက်မှု အားနည်းလာသည့် အပြင် လုပ်ငန်းယာယီရပ် တန့်ခြင်းများဖြစ်ပေါ်ခဲ့ပြီး ကုမ္ပဏီ(၂)ခု သဘော ထားကွဲလွဲခဲ့ပါသည်။ ထိုသို့ သဘောထားကွဲလွဲနေစဉ်ကာလအတွင်း (၈-၁၂-၂၀၁၆) ရက်စွဲပါ သတ္တုတူးဖော်ရေးပူးပေါင်းဆောင်ရွက်မှုစာချုပ်ပါ သဘောတူညီချက်ဖြင့် တာဝန်ယူထားသည့် TGTM Co.,Ltd. ဘက်မှ ဆောင်ရွက်ပေးနေရဲ့ရှိသည့်တာဝန်ကို ပျက်ကွက်ခဲ့ကြောင်း ကျွန်ပ်မိတ်ဆွေ၏ ပြောပြချက်အရ သိရှိရပါသည်။ ထို့ကြောင့် TGTM Co.,Ltd. ဘက်မှ သတ္တု တူးဖော်ရေးပူးပေါင်းဆောင်ရွက်မှုစာချုပ်ပါ ၎င်းဆောင်ရွက်ပေးရမည့် တာဝန်များပျက်ကွက်ခဲ့ခြင်းဖြင့် အဆိုပါစာချုပ်ပါစည်းကမ်းချက်များ အား ဖောက်ဖျက်ခဲ့ခြင်းဖြစ်ပါသည်။ သို့ဖြစ်၍၌ Techway Holdings Limited (THL) Co.,Ltd. နှင့် Taunggyi Thein Mining (TGTM) Co.,Ltd. တို့ နှစ်ဖက်အကျိုးတူပူး ပေါင်းလုပ်ကိုင်ဆောင်ရွက်ခဲ့သည့် JVCo Co.,Ltd. ဖက်စပ်ကုမ္ပဏီ၏ သတ္တုတူးဖော်ခြင်းလုပ်ငန်းတွင် အသုံးပြုခဲ့သော လုပ်ငန်းသုံးရေ,ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်း များနှင့်ပတ်သက်၍သော် လည်းကောင်း။ သတ္တုတူးဖော်သန့်စင်ခြင်း၊ သတ္တု လုပ်ကွက်နှင့်သက်ဆိုင်သည့်လုပ်ငန်းများအပါအဝင် ကုန်ကျစရိတ်များ အားလုံးအတွက် ၁၀၀% ငွေကြေးရင်းနှီးမြှုပ်နှံထားသည့် ငွေကြေးများနှင့် ပတ်သက်၍သော်လည်းကောင်း။ ထုတ်ယူရရှိထားသည့်ခဲသတ္တုတန်ချိန် (၁,၅၀၀) ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း များနှင့်ပတ်သက်၍ သော်လည်းကောင်း ကုမ္ပဏီ(၂)ခုသည် တရားဝင်စာရင်း ရင်းရင်းခင်းမရှိသေး သည့်အတွက် အဆိုပါပစ္စည်းများနှင့် ပတ်သက်၍ အစုရှယ်ယာ ၈၆.၅% ပိုင်ဆိုင်သည့် THL Co.,Ltd. ဘက်မှ သိရှိခြင်း၊သဘောတူ ခြင်း၊ ခွင့်ပြုခြင်းလုံးဝကမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားတစ်နည်းနည်း ဖြင့် လွှဲပြောင်းခြင်းများမပြုလုပ်ရန် အသိပေးတာပေးဖြစ်ပါသည်။ အကယ်၍ အသိပေးတားမြစ်ချက်အား လိုက်နာခြင်းမရှိပဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများပြုလုပ်ပါက ပြုလုပ်သူမည် သူကိုမဆို တည်ဆဲဥပဒေအရ တရားစွဲဆိုအရေးယူသွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နန်းဆိုင်အေး (LL.B) တရားလွတ်တော်ရှေ့နေ စဉ်-၁၃၄၁၈/၂၀၁၇)
အခန်း-၁၊ ပျဉ်းမနားခရိုင်တရားရုံးရှေ့၊ ဧည့်ပင်စင် ကြီးစုရပ်ကွက်၊
အောင်သုခကျေးရွာအတင်လမ်း၊ ပုဗ္ဗသီရိ မြို့နယ်၊ နေပြည်တော်၊
ဖုန်း-၀၉-၄၂၈၃၄၆၆

အမည်ပြောင်း

ဦးမင်းမင်းလတ် ၏သား မြစ်ကြီးနားမြို့၊ အထက(ခွဲ)အလက(၃)၊ Grade-8 မှ မောင်ဘုန်းသန့်,မင်းနိုင် အား မောင်ဘုန်းသန့်, ဟု ပြောင်းလဲခေါ် ဆိုပါရန်။

ပြောင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေ အမိန့် ၅၅ နည်းဥပဒေ- ၂၀)
အဗျူပင်ခရိုင်တရားရုံးတော်
၂၀၂၅-ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၇

ဦးလှရိန် နှင့် ဦးသန်းထွေး
တရားလို တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဆင်မင်းလမ်းရပ်နေ ဦးဘန်းထွေး(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလိုက ပင်မည်သည့်အတိုင်း ကျေးရွာဂရန်မြေအား မှတ်ပုံတင် စာချုပ် ချုပ်ဆိုပေးစေလိုကြောင်း လျှောက်ထားခဲ့ဖွယ်ချက်ရှိသည်ဖြစ်၍ သင်ကိုယ် တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ စက်တင်ဘာလ ၃၀ရက်(သုခရာ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုတ်ချေရုံးလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပယ်လေမိမည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအဖိုမြှုံလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင် လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ စက်တင်ဘာလ ၅ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(မွန်မြတ်သူ)
ဒုတိယခရိုင်တရားသူကြီး(၁)
အဗျူပင်ခရိုင်တရားရုံး

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2L/1071 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကည၊ ခရိုင်ရုံး(တောင်ငူ)

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8G/4416၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကည၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/5819၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက် ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ် ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကည၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/90960, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေမေဦးအို ၉/ခအဇ (နိုင်)၀၃၂၁၉၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

ကည၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/69314, Flymo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြမြသင်း ၉/မခန(နိုင်)၂၁၀၇၀၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြ ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကည၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ချောက်မြို့၊ အမှတ်(၁၀)ရပ်ကွက်၊ အေးစေတီရပ်၊ ကွင်း/အကွက်အမှတ် နှင့် အမည် (၂၂၉/ကျွန်းဘိုပင်)၊ ဦးပိုင် အမှတ်(-)၊ မြေကွက်အမှတ်(၉/၁၄၀)၊ ပိုင်ဆိုင်ခွင့်(အစိုးရ)၊ မြေမျိုးနှင့်အတန်း (ကျွန်အခြားမြေ)၊ မြေစရိယာ(၀.၄၆) ဧကရှိ(မြေကွက်အား ခရိုင်ဆည်မြောင်း နှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီး ဌာနရုံး၏ မြေနေရာအဖြစ် အသုံးပြုရန် အတွက် မြေငှားဂရန်လျှောက်ထား လာပါသည်။ ထိုသို့လျှောက်ထားလာ မှုအပေါ် မည်သူမဆို ခိုင်လုံသော အထောက်အထားများဖြင့် (၅)ကြော် ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ချောက်ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့လည်းကောင်း၊ ချောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနသို့လည်းကောင်း၊ ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်လိုသူမရှိပါက မြေငှားဂရန်လျှောက်ထားလာမှုအား ဆက် လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန်ကြော်ငြာအပ် သည်။

ကော်လိတ္တော်အရာရှိ
ချောက်ခရိုင်အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန
ချောက်ခရိုင်၊ ချောက်မြို့

အများသိစေရန်ကြေညာခြင်း

ညောင်လေးပင်မြို့၊ မြို့မ(၃) ရပ်ကွက်၊ ရပ်(၉)ဈေးပိုင်းရပ်၊ ဦးပိုင် အမှတ် (၉^)၊ မြေကွက်အမှတ် (၃၄^) ရှိ မြေစရိယာ (၀.၀၄၆ဧက)အား ညောင်လေးပင်မြို့၊ မြို့မ (၃) ရပ်ကွက် နေ ဦးပိုးမင်း(ခ) ဦးမျိုးမင်းမှ ခွဲစိတ် အမည်ပြောင်းသက်တမ်းတိုးမြေလွှာ ဂရန် လျှောက်ထားလာပါသည်။

ထိုသို့ လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လို သူများရှိပါက ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ လ(၁၅)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ကျော်လွန်မှ တင် သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေး
ဦးစီးဌာန၊ ညောင်လေးပင်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/29836 ယာဉ်လက်ဝယ်ရှိသူ ဦးစောရွှေသိန်း ၇/တင(နိုင်)၁၅၅၉၀၀၈ ယာဉ် မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက် ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက်သုံး ခုအတွင်း အောက်ဖော်ပြပါ လိပ်စာ ကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

ကည၊ ခရိုင်ရုံး(တောင်ငူ)

ကြော်ငြာ

ဦးထွန်းကြွယ်၏သမီး ရန်ကုန်မြို့၊ အထက(၁) သာဓေတရာကျောင်း GRADE-12မှ မစိုးနန္ဒီထွန်း၏ အမည် မှန်မှာ မစိုးနဒီထွန်းဖြစ်ပါ ကြောင်း။

ဖွေးသက္ကရာဇ်အမှန်

ဦးစောဒေ၀၏သမီး မြစ်ကြီး နားမြို့၊ ပညာဘာဏ်ကိုယ်ပိုင် အထက်တန်းကျောင်း Grade-12 (BiO)တန်းမှ မစောဟေမာ၏ ဖွေးသက္ကရာဇ်အမှန်မှာ ၁၆-၁၀-၂၀၀၈ ဖြစ်ပါကြောင်း။

အမည်မှန်

ဦးထွန်းကြွယ်၏သမီး ရန်ကုန်မြို့၊ အထက(၁) သာဓေတရာကျောင်း GRAD

ဝရဒါဌာ ဓာတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)၏ (၇) ကြိမ်မြောက် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန်အတွက် အိတ်ဝိတ် (ချိပ်ပိတ်) တင်ဒါခေါ်ယူခြင်းကို နှိုးဆော်ကြော်ငြာခြင်း

၁။ ဝရဒါဌာဓာတုစေတိယစွယ်တော်မြတ်စေတီတော်(ရန်ကုန်)၏ (၇)ကြိမ်မြောက် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်မည် ဖြစ်ပါသဖြင့် အောက်ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်လိုသူများသည် လုပ်ငန်းအမျိုးအစားနှင့် ယှဉ်တွဲပါသတ်မှတ်ထားသောဈေးနှုန်း များအလိုက် အိတ်ဝိတ်(ချိပ်ပိတ်)တင်ဒါစနစ်ဖြင့် ကျင်းပသွားမည်ဖြစ်၍ သတ်မှတ် စည်းကမ်းချက်များနှင့်အညီ အောက်ဖော်ပြပါနေ့ရက် အချိန်များအတိုင်း အိတ်ဝိတ်(ချိပ်ပိတ်)တင်ဒါများအား တင်သွင်းရမည်ဖြစ်ပါသည်–

(က) စေတီတော်ကြီးနှင့် အရံစေတီများ ငြမ်းဆင်ခြင်းလုပ်ငန်း (လုံခြုံရေးအိမ်ငယ်အပါအဝင်)
တင်ဒါဖွင့်မည့်နေ့ရက် – ၂၉-၉-၂၀၂၅ ရက်(တနလင်္ဂနေ့) မွန်းလွဲ (၁၃:၀၀)နာရီ

